

# National Democratic Front

# အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု

Exstiblished - May 10, 1976

Online Bulletin

အမှတ်စဉ် ၀၃၊ နိုဝင်ဘာလ ၂၀၀၉

N.D.F Online Bulletin

★ Liberty ★ Equality ★ Social Progress

We Shall Achieve Victory Through Alliance!



NDF Chairman - P'Doh Saw Ba Thin Sein (2006-2008)

"As the whole world wants to see peace in Burma, world leaders are planning to bring back peace to the country. For true peace to return to Burma, the democratic forces, the ethnic forces and the SPDC military clique must meet and find means and ways for bringing about peace."

December 23, 2003
Speech note, Messages On Karen New year Day of First of Thalay Month, President (KNU)

## စစ်ရေးရာ သတင်း

### ၁။ နအဖ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စ ကရင်ငြိမ်းချမ်းရေးကောင်စီလက်မခံ

*အောက်တိုဘာလ ၂၉ ရက်၊ ၂၀၀၉ ခုနှစ်။ (ကရင်သတင်းစဉ်)*

နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးအတွက် နအဖ စစ်အစိုးရ၏ ကမ်းလှမ်းချက်ကို လက်ခံမည် မဟုတ်ကြောင်း ကေအဲန်ယူ / ကေအဲန်အယ်လ်အေ – ငြိမ်းချမ်းရေးကောင်စီအဖွဲ့က အောက်တိုဘာလ (၂၀)ရက်နေ့တွင် ကြေညာချက် တစောင် ထုတ်ပြန်လိုက်သည်။ (စာမျက်နှာ–၃ သို့)

### ၁။ "ဝ" တပ်ဖွဲ့ အလျှော့ပေးမည့် လက္ခဏာမရှိဟု အကဲခတ်များ ပြော

*အောက်တိုဘာလ (၂၈)ရက်၊ ၂၀၀၉ ခုနှစ်။ (မဇ္ဈိမ သတင်းဌာန)*

"ဝ"ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) သည် စစ်အစိုးရ အဆိုပြုထားသည့် နယ်ခြားစောင့်တပ်ဖွဲ့ BGF အဖြစ် ပြောင်းလဲဖွဲ့စည်းရန် သဘောတူညီလိုက်ပြီးဟူသော ကောလ ဟာလကို တရုတ်–မြန်မာ နယ်စပ်အခြေစိုက် အကဲခတ်တဦးက မဖြစ်နိုင်ကြောင်း ငြင်းဆိုပြောကြားလိုက်သည်။ (စာမျက်နှာ–၄ သို့)

### ၂။ အခြေခံဥပဒေကြောင့် ပြည်တွင်းစစ် ထပ်မဖြစ်လို ဟု မွန်ပြည်သစ် ပြောကြား

*အောက်တိုဘာလ (၂၃)၊ ၂၀၀၉ ခုနှစ်။ (ခေတ်ပြိုင်သတင်းဌာန)*

တိုင်းရင်းသားတို့၏ အခွင့်အရေးကို အာမခံချက် ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးအတွက် စစ်အစိုးရ အနေဖြင့် ဒီမိုကရေစီအင်အားစုအပါအဝင် တိုင်းရင်းသားခေါင်းဆောင်တို့ နှင့် တွေ့ဆုံဆွေးနွေးမှု စတင်ပေးရန် မွန်ပြည်သစ်က တောင်းဆိုလိုက်သည်။ (စာမျက်နှာ–၅ သို့)

# အယ်ဒီတာ့ အာဘော်

## လက်နက်ကိုင်တိုက်ပွဲ၊ လူထုတိုက်ပွဲ၊ သံတမန်တိုက်ပွဲ

နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ ၂၀၀၉ မကုန်မီ မလိုက်လျောဘူးဆိုလို့ရှိရင် အပစ်အခတ်ရပ်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေကို စစ်ရေးအရ ချေမှုန်းမယ်လို့ နအဖ ထိပ်ပိုင်းခေါင်းဆောင်တွေကနေ အောက်ခြေဒေသခံတပ်မှူးတွေအထိ ပိုင်းဖြတ်ထား ကြတယ်။

ကိုးကန့်ကိုတော့ ဩဂုတ်လကုန်ပိုင်းလောက်မှာပဲ အင်အားသုံးဖြေရှင်းလို့ အဖွဲ့ခေါင်းဆောင် ဖုန်ကြားရှင် ဦးဆောင်တဲ့ ကိုးကန့်တပ်ဖွဲ့ ပျက်ခဲ့သလို နအဖ အတွင်းမှာလည်း ဂယက်ရိုက်မှုတော်ကြီးခဲ့ပါတယ်။ ဒစက မှူးနဲ့ အပေါင်းပါတွေကို ထိန်းသိမ်းအရေးယူတဲ့အဆင့်ထိပါပဲ။

ဒီပွဲက ဒီလောက်နဲ့မရပ်မှာ အသေအချာပါပဲ။ ဘယ်အဖွဲ့တွေဆီ ဦးတည်ချေမှုန်းမလဲ။
နအဖ ရဲ့ အောက်လမ်းနည်းအမျိုးမျိုးနဲ့ ချေမှုန်းတာ ခံဖို့ တန်းစီ ထိုင်စောင့်နေကြမှာလား။ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ကော ဖြေရှင်းလို့ ရအုံးမှာလား။

လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ ကေအဲန်ယူနဲ့ အခြားအဖွဲ့တွေကိုလည်း ပိုမိုပြင်းထန်တဲ့ စစ်ရေးချေမှုန်းမှုမျိုး ရန်သူက ပိုတိုးလို့ အကောင်အထည်ဖော်လာပြီ။ မြောက်ပိုင်းပြီးမှ တောင်ပိုင်း လှုပ်ရှားမှု စတာမျိုးတော့ ဟန်မယ်မထင်ဘူး။

၂၀၁၀ ရွေးကောက်ပွဲ ဆိုတာလဲ အသံပေးချက်နဲ့အတူ တဖြေးဖြေးနီးကပ်လာပါပြီ။ အာဆီယံ၊ ယူအက်စ်၊ အီးယူ ရပ်တည်ချက်က ဘယ်လိုလဲ။ ကျနော်တို့ရဲ့ သံခင်း တမန်ခင်းတွေက အခြေအနေဘယ်ကိုဆိုက်နေပြီလဲ။ နအဖ ရဲ့ သံတမန်ရေး ချဲ့ထွင်မှုနဲ့ ကျနော်တို့ တော်လှန်ရေးအဖွဲ့တွေရဲ့ သံခင်း တမန်ခင်းက တန်ပြန် ချိန်ခွင် လျှာညှိနိုင်ပြီလား။

အတွင်းတိုက်ပွဲကတော့ အတော်ပြင်းထန်နေပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေ၊ လူငယ်တွေ၊ တက်ကြွလှုပ်ရှားသူတွေ ဆက်တိုက်ဖမ်းဆီးနေပြီ။ မြေပေါ်မြေအောက် စိတ်ထင်သလောက်ချေမှုန်းပြီးမှ စိတ်တိုင်းကျ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပမှာပါ။ ၈၈၈၈ လူထုတိုက်ပွဲလိုမျိုး၊ ရွှေဝါရောင်တော်လှန်ရေးလိုမျိုး နောက်တခါ ထပ်ပြီး လူထုတိုက်ပွဲ ဘယ်တော့ဖော်နိုင်မလဲ။ သေချာတာတော့ နအဖ ဘက်ပေါင်းစုံအကျပ်တွေ့ချိန် တိုက်ပွဲဖော်ဖို့ အချိန်တန်နေပြီဆိုတာပါပဲ။

ရင်ဆိုင်နေရတဲ့ ရန်သူ နအဖ စစ်အုပ်စုဟာ ဥပဒေမရှိ၊ နိုင်ငံရေးယဉ်ကျေးမှုမရှိ၊ နှလုံးသားမရှိဘဲ သူ့အာဏာ ထိပါးသူကို အပြတ်ချေမှုန်းမှာဆိုတာ အားလုံးအသိပါပဲ။ ကလိမ်ကကျစ် နည်းလမ်းပေါင်းစုံသုံးပြီး သူ့အကျိုးစီးပွားကို ကာကွယ်မှာပါပဲ။

ဒီတော့ တော်လှန်ရေးအင်အားစုတွေ အဖိနှိပ်ခံအင်အားစုတွေရဲ့ လက်နက်ကိုင်တော်လှန်ယုံကြည်သူတွေ၊ ငြိမ်းချမ်းတဲ့ လူထုတိုက်ပွဲ ယုံကြည်သူတွေ၊ သံတမန်ရေးတိုက်ပွဲဝင်နေသူတွေ အားလုံးဟာ လက်နက်ကိုင်တိုက်ပွဲ၊ လူထုတိုက်ပွဲ၊ သံတမန်တိုက်ပွဲတွေကို ဟန်ချက်ညီညီနဲ့ ပေါင်းစပ်တိုက်ပွဲဝင်ကြပါစို့လို့ မဒတ တပ်ပေါင်းစုက အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

**အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ**

## စစ်ရေးရာ သတင်း

# ၁။ နအဖ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စ ကရင်ငြိမ်းချမ်းရေးကောင်စီလက်မခံ

*အောက်တိုဘာလ ၂၉ ရက် ၂၀၀၉*
*ကရင်သတင်းစဉ်*

နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးအတွက် နအဖ စစ်အစိုးရ၏ ကမ်းလှမ်းချက်ကို လက်ခံမည် မဟုတ်ကြောင်း ကေအဲန်ယူ / ကေအဲန်အယ်လ်အေ – ငြိမ်းချမ်းရေးကောင်စီအဖွဲ့က အောက်တိုဘာလ (၂၀)ရက်နေ့တွင် ကြေညာချက် တစောင် ထုတ်ပြန်လိုက်သည်။

နအဖ ဗိုလ်ချုပ်ရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်တို့ ဦးစီးသော အထက်တန်းအရာရှိ (၂၀) ဦးတို့သည် ဗိုလ်မှူးချုပ် စောဌေးမောင် ခေါင်းဆောင်သော ကေအဲန်ယူ၊ ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအဖွဲ့ကို တပ် အသွင်ပြောင်းရေးကိစ္စ လက်ခံရန်အတွက် ကရင်ပြည်နယ်၊ ဖားအံမြို့တွင် အောက်တိုဘာလ (၁) ရက်နေ့က လာရောက်တွေ့ဆုံကာ ကမ်းလှမ်းခဲ့သည်ကို လက်မခံနိုင်ကြောင်း ထိုကြေညာချက်တွင် ဖော်ပြထားသည်။

ငြိမ်းချမ်းရေးကောင်စီအနေဖြင့် ထိုသို့ နအဖ၏ ကမ်းလှမ်းချက်ကို လက်မခံနိုင်ခြင်းမှာ ကရင်လူထုအနေဖြင့် ကရင်တပ်ဖွဲ့ဝင်များကို မြန်မာတပ်များ၏ ဩဇာခံအဖြစ် မလိုလားသည်က တကြောင်း၊ တိုင်းရင်းသားအခွင့်အရေးများကို ဝါးမျိုးရေးဟု အဓိပ္ပါယ်ဆောင်သည့် ထိုဒီမိုကရေစီ ကျင့်သုံးမှုအခန်းကဏ္ဍများကို အယုံအကြည် မရှိသည်က တကြောင်းနှင့် စစ်တပ်အုပ်ထိန်းမှုသည် မပြီးဆုံးနိုင်သည့် ရှုတ်ထွေးမှု ပဋိပက္ခများဖြစ်လာနိုင်ပြီး ၂၀၁၀ ဒီမိုကရက်တစ် လုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေနိုင်သည်ဟု ၎င်းတို့အနေဖြင့် ယုံကြည်ထားသည့်အတွက် ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

ဗိုလ်ချုပ်ရဲမြင့်၏ ထိုကမ်းလှမ်းချက်ကို လက်ခံလိုက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ၊ အချင်းချင်း သတ်ဖြတ်မှုများ ပို၍ ဖြစ်ပွားလာမည်ဖြစ်ပြီး ဒီကေဘီအေတပ်ဖွဲ့သည် နအဖ၏ အဆိုပြုချက်ကို သဘောတူလက်ခံလိုက်ပြီးနောက် နယ်ခြားစောင့်တပ် အသွင်စောင့်တပ် အသွင်ပြောင်းရေး အစီအစဉ်အောက်တွင် ကရင်ပြည်သူလူထုများအပေါ် အကြမ်းဖက်မှုများ၊ စစ်ပွဲများ ပိုမိုကျင့်သုံးလာရာ ယခုလက်ရှိ ကရင်ပြည်နယ် တပ်မတော် တပ်မဟာ ၁၊ ၂၊ ၃နှင့် ၅ နယ်မြေအတွင်း သတ်ဖြတ်ခံရသည့် ကရင်လူထုများမှာ သက်သေအဖြစ် ထင်ရှားလျှက်ရှိသည်ဟု ဆိုသည်။

၎င်းထုတ်ပြန်ချက်နှင့် ကတ်သက်၍ ဒီကေဘီအေ အဖွဲ့ဝင်တဦးက "ဒီကေဘီအေအဖွဲ့ဟာ စစ်အစိုးရနဲ့ ပူးပေါင်းပြီး ကေအဲန်ယူကို ဆန့်ကျင်နေပေမယ့်လည်း ကျနော်တို့လုပ်တာ ကရင်လူထုတွေအတွက်ပါ။ အများကြီး မလုပ်နိုင်သော်လည်း လက်လှမ်းမီတဲ့နေရာတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ကျနော်တို့ကြိုးစားလုပ်နေပါတယ်။ အချင်းချင်း တိုက်ပွဲဖြစ်တာ ကျနော်လည်း မလိုလားပါဘူး" ဟုကေအိုင်စီကို ပြောသသည်။

စစ်အစိုးရအနေဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသော မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာသည် စစ်ရေးနည်းဖြင့် မဖြေရှင်းနိုင်ဘဲ အများယုံကြည်မှုအတိုင်း ငြိမ်းချမ်းသော တွေ့ဆုံဆွေးနွေးရေးနည်းဖြင့် အဖြေရှာရန် လိုအပ်ပေသည်ဟု ကေအဲန်ယူ၊ ကေအဲန်အယ်လ်အေ ငြိမ်းချမ်း ရေးကောင်စီက စစ်အစိုးအား တိုက်တွန်းထားသည်။

ငြိမ်းချမ်းရေးကောင်စီ၏ ထုတ်ပြန်ချက်အပေါ် ကေအဲန်ယူ တွဲဖက်အတွင်းရေးမှူး (၂) ပဒိုစောဒွေ့လေမူ က "အဲဒီလိုမျိုးပဲ ဖြစ်သင့်ပါတယ်။ နအဖက သူ့ရဲ့ ၂၀၁၀ ရွေးကောက်ပွဲဖြစ်မြောက်ဖို့အတွက် အပစ်ရပ်တဲ့ တိုင်းရင်းသားတွေကို သူတို့တပ်အောက်မှာ လိုက်သိမ်းသွင်းတာ လူတိုင်းအသိပဲ။ အခုလို ကရင်ငြိမ်းချမ်းရေးကောင်စီ အဖွဲ့က နအဖရဲ့ ကမ်းလှမ်းချက်ကို လက်မခံနိုင်ဘူးဆိုတာကို ကျနော်တို့က သူတို့အပေါ် တမျိုးတဖုံအကြပ်ကိုင် ဖိအားပေးလာနိုင်တယ်" ဟု ကေအိုင်စီကို ပြောသည်။

နအဖသည် နယ်ခြားစောင့်တပ်နှင့် ပတ်သက်၍ ပြီးခဲ့သည့် မေလက အလားတူ ကမ်းလှမ်းခဲ့ဖူးသော်လည်း ငြိမ်းချမ်းရေး ကောင်စီအနေဖြင့် နအဖ၏ တပ်အသွင်ပြောင်းရေးအစီစဉ်ကို လက်မခံဘဲ ကရင်အမျိုးသား ခေါင်းဆောင်ကြီးစောဘဦးကြီး၏ မူ(၄)ချက်ကို ဆုပ်ကိုင်ထားကာ ကရင်ပြည်သူများအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

We Shall Achieve Victory Through Alliance!

ဗိုလ်မှူးချုပ်စောဒွေးမောင် ခေါင်းဆောင်သော ကေအဲန်ယူ၊ ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးယူခဲ့ပြီး ဖားအံ ခရိုင်၊ ထို့ကော်ကိုး ကျေးရွာတွင် အခြေစိုက်လျက်ရှိသည်။• • •

## ၂။ "ဝ" တပ်ဖွဲ့ အလျှော့ပေးမည့် လက္ခဏာမရှိဟု အကဲခတ်များ ပြော

*အောက်တိုဘာလ (၂၈)ရက်၊ ၂၀၀၉ ခုနှစ်။*
*မဇ္ဈိမ သတင်းဌာန။*

"ဝ"ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) သည် စစ်အစိုးရ အဆိုပြုထားသည့် နယ်ခြားစောင့် တပ်ဖွဲ့ BGF အဖြစ် ပြောင်းလဲဖွဲ့စည်းရန် သဘောတူညီ လိုက်ပြီး ဟူသော ကောလဟာလကို တရုတ်–မြန်မာ နယ်စပ်အခြေစိုက် အကဲခတ်တဦးက မဖြစ်နိုင်ကြောင်း ငြင်းဆိုပြောကြားလိုက်သည်။



စစ်အစိုးရက သူတို့အဆိုကို လက်ခံရန် ထပ်တလဲလဲ ဖိအားပေးခဲ့ပြီးနောက်အင်အား(၂၅၀၀၀) ရှိ "ဝ"တပ်ဖွဲ့သည် စစ်အစိုးရ၏ အစီအစဉ်ကို လိုက်နာရန် သဘောတူညီခဲ့သည်ဟု မြန်မာ့အရေးအကဲခတ်များအကြား ကောကဟာလ များ ပျံ့နှံ့ခဲ့သည်။

"နအဖ SPDC ကမ်းလှမ်းတဲ့ နယ်ခြားစောင့် တပ်ဖွဲ့ရေး အစီအစဉ်ကို "ဝ"တပ်ဖွဲ့က မကြာသေးခင်က လက်ခံလိုက်တယ်လို့ ကျနော်ကြားတယ်"ဟု သတင်းရပ်ကွက်တခုက စစ်အစိုးရ၏ တရားဝင်အမည်ဖြစ်သော နိုင်ငံတော်အေးချမ်းသာယာ ရေးကောင်စီ SPDC ကို ရည်ညွှန်း၍ မကြာသေးခင်က မဇ္ဈိမ ကို ပြောကြားခဲ့သည်။

"ဝ"တပ်ဖွဲ့များမှ သဘောတူရေးအတွက် တြိဂံတိုင်းစစ်တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုးက ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောသည်။

သို့သော် တရုတ်–မြန်မာနယ်စပ်အခြေစိုက် အကဲခတ်တဦး ဖြစ်သည့် ဦးအောင်ကျော်ဇောကမူ "ဝ"တပ်ဖွဲ့နှင့် စစ်အစိုးရကြား သဘောတူညီမှုရရှိခဲ့ခြင်း မရှိသေးကြောင်း၊ နောင်တွင် ရရှိနိုင်ဖွယ် ရှိသည်ဆိုသည့် သတင်းကိုမူ ငြင်းဆိုခြင်း မပြုနိုင်ကြောင်း ပြောသည်။

"အခုထိတော့ ဒီလိုမျိုးသဘောတူညီမှုမျိုး မရှိသေးပါဘူး။ ဒီတလောအတွင်း စစ်အစိုးရနဲ့ "ဝ"တပ်ဖွဲ့ကြားမှာလည်း အဆင့်မြင့်ဆွေးနွေးပွဲတွေ မရှိသေးပါဘူး။ တင်းမာမှုကတော့ ကြီးကြီးမားမား ရှိနေဆဲပဲ၊ နှစ်ဖက်လုံးက တပ်အင်အား ဖြည့်တင်းတာတွေ လုပ်နေတယ်"ဟု ဦးအောင်ကျော် ဇော က ပြောသည်။

သို့သော် တောင်ပိုင်း "ဝ"တပ်ဖွဲ့တပ်မှူး ဖြစ်သည့် ဝေရှောက်ခန်း အပါအဝင် "ဝ" တပ်မှူး အတော်များများတွင် စီးပွားရေး အကျိုးစီးပွားများ ရှိနေသည့်အတွက် နောင်တွင် ဤသို့ သဘောတူညီမှုမျိုး မရနိုင် ဟု မဆိုနိုင်ကြောင်း သူက ပြောသည်။

"ဒါပေမဲ့ ခေါင်းဆောင်တွေက ဒီအဆိုပြုချက်ကို လက်ခံချင်တယ်ဆိုဦးတော့၊ အောက်ခြေနဲ့ အလယ်အလတ် ခေါင်းဆောင်တွေက လက်ခံမယ့် အလားအလာ မရှိဘူး" ဟု သူက ဆက်လက် ပြောဆိုသည်။

သူတို့၏ တပ်ဖွဲ့များကို စစ်အစိုးရ အုပ်ချုပ်မည့် နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းလဲရေး အဆိုပြုချက်ကို "ဝ"တပ်ဖွဲ့ နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA အပါအဝင် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ အနည်းငယ်က ဆန့်ကျင် ပယ်ချခဲ့ကြသည်။ သူတို့၏ အဆိုပြုချက်ကို အကြောင်းပြန်ရန် နောက်ဆုံး နေ့ရက်ကို အောက်တိုဘာ လကုန်အထိ စစ်အစိုးရက ပေးထားသည်။ ဤကန့်သတ်ရက် ကျော်လွန်သည့်အခါ မည်သို့ဆောင်ရွက်မည် ဆိုသည်ကိုမူ သဲကွဲစွာ မသိရသေးပါ။ တိုက်ပွဲများ ဖြစ်ပွားလာမည့် အရိပ်အယောင်အဖြစ် မြန်မာတပ်ဖွဲ့များ ရှမ်းပြည်နယ် မြောက်ပိုင်း နှင့် အရှေ့ပိုင်းဒေသများသို့ ပြောင်းရွှေ့ ချထားနေ သည်ကိုတွေ့ခဲ့ရသည် ဟု ကိုယ်တိုင် မြင်တွေ့ခဲ့ရသူ များက ပြောသည်။

ဤအတောအတွင်း ရှမ်းပြည်နယ်နှင့် တိုင်းရင်းသားသူပုန်တပ်ဖွဲ့များအကြောင်း အသေးစိတ်ရေးသား တင်ဆက်နေသည့် ထိုင်းနိုင်ငံအခြေစိုက် ရှမ်းသံတော်ဆင့်သတင်းစဉ်– SHAN အယ်ဒီတာ ဦးစိန်ကြည်ကမူ စစ်အစိုးရ ၏ အဆိုပြုချက်ကို "ဝ"တပ်ဖွဲ့က လက်ခံလိုက်ကြောင်း သဘောတူညီချက်ရရှိခဲ့သည်ဟူသော သတင်းမျိုး ယခုအထိ သူ ကြားသိရခြင်း မရှိသေးကြောင်း ပြောသည်။



We Shall Achieve Victory Through Alliance!

“ကျနော် ပန်ဆန်း (“ဝ”မြို့တော်)က ရတဲ့သတင်းတွေအရ နယ်ခြားစောင့်တပ်ဖွဲ့ဖို့ အဆိုပြုချက်ကို လက်ခံလိုက်တယ် ဆိုတာမျိုး သဘောတူလိုက်ပြီဆိုတာမျိုး မကြားသေးပါဘူး”ဟု ဦးစိန်ကြည်က ရှင်းလင်းပြောပြသည်။

“နှစ်ဖက်ကြား တင်းမာမှုကတော့ ကြီးတုန်းပဲ။ နှစ်ဖက်အကြား တရားဝင်ဆွေးနွေးနေတာမျိုးလည်း မရှိဘူး”ဟု သူက ဆက်လက်ပြောဆိုသည်။

ဖုန်ကြားရှင် ခေါင်းဆောင်သော မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် – **MNDAA** ကို စစ်အစိုးရက သြဂုတ်လအတွင်းက တိုက်ခိုက်ခဲ့ပြီးနောက် မုန်းလားအခြေစိုက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ် တပ်မတော်–ရှမ်းပြည်အရှေ့ပိုင်း **(NDAA-ESS)** အပါအဝင် အခြားငြိမ်းချမ်းရေးတပ်ဖွဲ့များကိုလည်း အလားတူ တိုက်ခိုက်မှုများ ပြုလုပ်လာလိမ့်မည်ဟု အကဲခတ်များက ခန့်မှန်း တွက်ဆ ခဲ့ကြသည်။

သို့သော် စစ်အစိုးရ၏ အဆုံးစွန် ရည်မှန်းချက်မှာ အင်အားအကြီးဆုံးနှင့် သူတို့စစ်အစိုးရ လုပ်ချုပ်မည့် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး အစီအစဉ်ကို ခြိမ်းခြောက်နေသည့် “ဝ”တပ်ဖွဲ့ကို အလဲထိုးရေးပင် ဖြစ်သည်ဟု ဝေဖန် သုံးသပ်သူများက ပြောဆိုကြသည်။

စစ်အစိုးရ၏ အစီအစဉ်အရ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းရေးကို ၂၀၁၀ အထွေထွေရွေးကောက်ပွဲ မတိုင်မီ အပြီး ပြုလုပ်ရမည် ဖြစ်သည်။

ဤသို့ အင်အားသုံး ဖိနှိပ်ဖြိုခွဲရုံဖြင့် တိုင်းရင်းသားလူမျိုးများ၏ မျှော်မှန်းချက်များကို အသံတိတ်သွားအောင် လုပ်နိုင်မည် မဟုတ်ကြောင်း သမိုင်းက သက်သေပြခဲ့ပြီး ဖြစ်သည်ဟု ဦးအောင်ကျော်ဇော က ပြောသည်။

“ဝ” တပ်ဖွဲ့ခေါင်းဆောင်တွေက စစ်အစိုးရနဲ့ဆွေးနွေးညှိနှိုင်းပြီး သူတို့အဆိုပြုချက်ကို လက်ခံချင်တယ်ဆိုဦး တော့ “ဝ”တွေက နောက်နှာမည်တခုနဲ့ ပြန်ပေါ်လာပြီး သူတို့ခုခံစစ်ကို ဆက်တိုက်ဦးမှာပဲ။ သူတို့ကို အသံတိတ် သွားအောင် လုပ်ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး”ဟု သူက ဆက်လက် ပြောဆိုသည်။

ပေါက်ယူချန်း ခေါင်းဆောင်သော **UWSA** တပ်ဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ၁၉၈၉ ခုနှစ်တွင် ခွဲထွက်၍ ထိုနှစ်တွင်ပင် ထိုအချိန်က စစ်အစိုးရ စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည်။ • • •

---

## ၃။ အခြေခံဥပဒေကြောင့် ပြည်တွင်းစစ် ထပ်မဖြစ်လို ဟု မွန်ပြည်သစ် ပြောကြား

*အောက်တိုဘာလ (၂၃)၊ ၂၀၀၉ ခုနှစ်။*
*ခေတ်ပြိုင်သတင်းဌာန။*

တိုင်းရင်းသားတို့၏ အခွင့်အရေးကို အာမခံချက် ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးအတွက် စစ်အစိုးရ အနေဖြင့် ဒီမိုကရေစီအင်အားစုအပါအဝင် တိုင်းရင်းသားခေါင်းဆောင်တို့ နှင့် တွေ့ဆုံဆွေးနွေးမှု စတင်ပေးရန် မွန်ပြည်သစ်က တောင်းဆိုလိုက်သည်။

မော်လမြိုင်ခရိုင်မှ မွန်ပြည်သစ် ဗဟိုအလုပ်မှုဆောင်တစ်ဦးက နအဖ စစ်အစိုးရက တဖက်သတ်ရေးဆွဲ အတည်ပြုထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပြည်တွင်းစစ်မီးထပ်မံဖြစ်ပွားလာနိုင်သည်ဟု ယူဆသည့် အတွက် ယင်းသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ၎င်းက “မြန်မာပြည်ရဲ့ ပြည်တွင်းစစ်က အခြေခံဥပဒေကြောင့် စတင်ခဲ့တာ။ ဒီပြည်တွင်းစစ်ကို ဖြေရှင်းဖို့ အကောင်းဆုံး နည်းလမ်းကတော့ ဖမ်းဆီးထားတဲ့နိုင်ငံ့ခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်တွေကို လွတ်ငြိမ်းချမ်းသာခွင့် ပေးပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အခြေခံဥပဒေကို ပြင်ဖို့ အရင်စတွေ့ဆုံပါ။ ဒီလိုနည်း လမ်းကောင်းတွေ ရှိရဲ့သားနဲ့ နအဖ က ကိုယ်ဖြစ်ချင်တာပဲ အတင်းဆက်လုပ်နေရင် ပြည်တွင်းစစ် တဖန်ပြန်ဖြစ်လာဖို့ပဲ ရှိတယ်” ဟု ခေတ်ပြိုင်သို့ ပြောကြားသည်။

ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် အခြေခံဥပဒေ ပြင်ဆင်သုံးသပ်ခြင်း မပြုဘဲ ရွေးကောက်ပွဲ ဝင်ရောက်ရန်နှင့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် စဉ်းစားမည်မဟုတ်ကြောင်း မွန်ပြည်သစ်က ကြေညာထားသည်။ မွန်ပြည်သစ်၏ နောက်ဆုံးတင်ပြချက်ကို သြဂုတ်လ (၅)ရက်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ရတခ)သို့ ပေးပို့ခဲ့ပြီးနောက် သြဂုတ်လ (၂၈)ရက်တွင် ရတခ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် မွန်ပြည်သစ် ဒု–ဥက္ကဋ္ဌ နှင့် အဖွဲ့တို့ တွေ့ဆုံခဲ့ကြသည်။ (စာမျက်နှာ–၁၁ သို့)

We Shall Achieve Victory Through Alliance!

## ၄။ KNU တပ်မဟာ (၇)နယ်မြေတွင် နအဖ နှင့် ဒီကေဘီအေ ပူးပေါင်းလှုပ်ရှား

*အောက်တိုဘာလ (၂၄)ရက်၊ ၂၀၀၉ ခုနှစ်။*
*ကရင်သတင်းစဉ်*

ကရင်ပြည်နယ် ဖားအံခရိုင် ပိုင်ကျုံမြို့နယ်ရှိ ကေအဲန်ယူ တပ်မဟာ (၇)နယ်မြေတွင် နအဖ စစ်တပ်နှင့် ဒီကေဘီအေ တပ်ဖွဲ့တို့ ယခု လလယ်ပိုင်းမှစ၍ ပူးပေါင်းလှုပ်ရှားနေသည်ဟု ကေအဲန်အယ်လ်အေ ဒုတပ်ရင်းမှူးတဦး က ပြောသည်။

ကေအဲန်အယ်လ်အေ တပ်ရင်း(၂၂) ဒုတပ်ရင်းမှူး ဗိုလ်မှူးစောဒီကွယ် က "ဒီလ (၁၄)ရက်ကနေစပြီးတော့ ဒီနေ့အထိ နအဖ စစ်တပ်မှာ ခလရ (၂၀၈)တပ်ရင်း စစ်ကြောင်း (၁)၊ ဒီကေဘီအေ တပ်ရင်း (၄)၊ တပ်ရင်း (၇)တို့ ပူးပေါင်းပြီးတော့ ကလေ့မို့ခီး၊ ကလေ့ဖိုးကလိုး၊ မယ်ကရဲ၊ နို့လားလေး စတဲ့ရွာတွေမှာ ပူးပေါင်းလှုပ်ရှားလာတာကို ကျနော်တို့ တွေ့ရတယ်။ အရင်တုန်းက အဲဒီဒေသတွေမှာ ဒီကေဘီအေ တပ်ဖွဲ့တွေပဲ လှုပ်ရှားတယ်"ဟု ဆိုသည်။

ယခုလို နအဖ စစ်တပ်နှင့် ဒီကေဘီအေ တပ်တို့ ပူးပေါင်းလှုပ်ရှားခြင်းသည် ၎င်းဒေသအတွင်းရှိ ကေအဲန်အယ်လ်အေ တပ်ဖွဲ့များကို ချေမှုန်းရှင်းလင်းရန်နှင့် သစ်ထုတ်လုပ်ရန်အတွက် ဖြစ်သည်ဟု ဖားအံခရိုင် ဥက္ကဋ္ဌ ပဒိုစောအောင်မော်အေး က ပြောသည်။

"ပထမတစ်ချက်က အဲဒီဒေသမှာ ကျနော်တို့ လူတွေပိုမိုလှုပ်ရှားတယ်။ သူတို့ (နအဖ နှင့် ဒီကေဘီအေ) တပ်ဖွဲ့နဲ့လည်း မကြာခဏ ဆိုသလို တိုက်ပွဲဖြစ်ပွားတယ်။ သူတို့ဘက်က တော်တော်အထိနာတယ်လေ။ အဲဒီတော့ ကျနော်တို့ကို ရှင်းလင်းဖို့အတွက် သူတို့ပူးပေါင်းလှုပ်ရှားတာ ဖြစ်တယ်။ ဒုတိယ တစ်ချက်ကတော့ အဲဒီဒေသမှာရှိတဲ့ သစ်တွေကို ထုတ်လုပ်ဖို့အတွက်ပဲ ဖြစ်တယ်"ဟု သူက ပြောသည်။

ထိုကဲ့သို့ ပူးပေါင်းလှုပ်ရှားရာတွင် အနီးတဝိုက်ရှိ ရွာများမှ ရွာသား (၁၀)ဦးထက်မနည်း ပေါ်တာအဖြစ် နေ့စဉ် လိုက်ပါသွားရသည့်အပြင် နအဖ နှင့် ဒီကေဘီအေ ပူးပေါင်းတပ်တို့သည် ရွာအတွင်းသို့ နေ့စဉ် ဝင်ရောက်လာသည့်အတွက် ကေအဲန်လယ်လ်အေ တပ်ဖွဲ့နှင့် ရွာအတွင်း တိုက်ပွဲဖြစ်ပွားမည်ကို ရွာသူရွာသားများက စိုးရိမ်နေကြသည်။

ပြီးခဲ့သည့် အောက်တိုဘာလ (၁၇)ရက်နေ့ကလည်း အဆိုပါ ပူးပေါင်းတပ်ဖွဲ့ကို ကေအဲန်အယ်လ်အေ တပ်ရင်း(၂၂)မှ တပ်ကြပ်စောလောမေ့ဖို့ ဦးဆောင်သည့်တပ်ဖွဲ့က ချုံခိုတိုက်ခိုက်ခဲ့သည့်အတွက် ဒီကေဘီအေ တပ်ဖွဲ့ ဝင်(၃)ဦး သေဆုံးပြီး (၃)ဦးမှာ အပြင်းအထန်ဒဏ်ရာရရှိကာ နအဖ စစ်တပ်ဘက်က ထိခိုက်သေဆုံးမှုမရှိကြောင်း ဗိုလ်မှူးစောဒီကွယ်က ပြောသည်။

ယခုလို နအဖ နှင့် ဒီကေဘီအေ ပူးပေါင်းလှုပ်ရှားခြင်းမှာ ကေအဲန်ယူ တပ်မဟာ (၇)နယ်မြေ ထိုးစစ်အပြီး နောက်ပိုင်းတွင် ပထမ ဆုံးအကြိမ် ဖြစ်သည်။ ထိုအတောအတွင်း ကေအဲန်ယူ တပ်မဟာ (၇)နယ်မြေအတွင် ဒီကေဘီအေ တပ်မဟာ (၅၅၅)၊ (၉၉၉) လက်အောက်ခံတပ်ရင်းများနှင့် ကေအဲန်ယူ တပ်မဟာ (၇)လက်အောက်ခံ တပ်ရင်းများက လှုပ်ရှားလျှက်ရှိပြီး နအဖ စစ်တပ်များက ယခုလ အစောပိုင်းမှ စတင်လှုပ်ရှားလာခြင်း ဖြစ်သည်။

၎င်းနယ်မြေသည် ပြီးခဲ့သည့် ဇွန်လတုန်းက နအဖ စစ်တပ်နှင့် ဒီကေဘီအေ တပ်မဟာ သုံးခု ပူးပေါင်းကာ ကေအဲန်ယူကို ထိုးစစ်ဆင်ခဲ့ရာ နယ်မြေများဖြစ်ပြီး ထိုးစစ်ကြောင့် ဒေသခံကရင်ပြည်သူ (၄,၀၀၀)ကျော် ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ ထာ့ဆောင်ယန်းမြို့နယ်သို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။ • • •

## ၅။ ကေအဲန်ယူ နှင့် ဒီကေဘီအေ ပဏာမ အဆင့် ဆွေးနွေးပွဲ ပြီးစီး

*အောက်တိုဘာလ (၂၃)၊ ၂၀၀၉ ခုနှစ်၊*
*ဒီဗွီဘီ သတင်းဌာန။*

(စာမျက်နှာ-၁၃ သို့)

ဒီလ (၁၅)ရက်နေ့က ကရင်ပြည်နယ် တနေရာမှာ ကျင်းပတဲ့ ကေအဲန်ယူနဲ့ ဒီကေဘီအေ ဆွေးနွေးပွဲဟာ (၁၅)နှစ်အတွင်း ပထမဆုံးအကြိမ် ဖြစ်တာကြောင့် ပဏာမအဆင့်သာ ရှိသေးပြီး နောက်ထပ် ဆွေးနွေးမှုတွေ အများကြီးလုပ်ဖို့ လိုနေသေးတယ်လို့ ဆွေးနွေးပွဲကို တက်ရောက်ခဲ့သူ ကေအဲန်ယူ ဗဟိုကိုယ်စားလျှယ် တဦးက ပြောပါ တယ်။

လျှို့ဝှက်ဆွေးနွေးပွဲတွေရဲ့ သဘောသဘာဝ အရ ဆွေးနွေးတဲ့နေရာ၊ ဆွေးနွေးတဲ့အကြောင်းအရာနဲ့ တက်ရောက်သူအမည် အသေးစိတ်ကို ထုတ်မပြောနိုင်သေးသလို သူ့အမည်နဲ့ သူ့အသံကိုလည်း ထုတ်သုံးဖို့ မသင့်သေးဘူးလို့ အဲဒီကေအဲန်ယူ ဗဟိုကိုယ်စားလှယ်က ပြောပါတယ်။ ဒါပေမယ့် အဲဒီဆွေးနွေးပွဲအတွင်း (၂)ဖက် အပစ်အခတ်ရပ်စဲရေးကိစ္စကို အလေးပေး

## ၆။ ဒီကေဘီအေ နှင့် ကေအဲန်ယူ တွေ့ဆုံဆွေးနွေး

*အောက်တိုဘာလ (၁၉)၊ ၂၀၀၉ ခုနှစ်။*
*ဒီဗွီဘီ သတင်းဌာန။*

ဒီကေဘီအေ – တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်နှင့် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးတို့ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးနေပါတယ်။ မြန်မာစစ်အစိုးရနဲ့ ပေါင်းစည်းနေတဲ့ ဒီကေဘီအေနဲ့ စစ်အစိုးရကို တိုက်ခိုက်နေဆဲ ကေအဲန်ယူ နှစ်ဖက်ခေါင်းဆောင်တွေဟာ ကေအဲန်ယူ ထိမ်းချုပ်နယ်မြေ တပ်မဟာ (၆)နဲ့ ဒီကေဘီအေ ဆက်စပ်နယ်မြေမှာ ဒီလ (၁၆)ရက်ကတည်း စတင်တွေ့ဆုံပြီး အခုထိ ဆွေးနွေးနေတုန်းပဲလို့ နှစ်ဘက် စလုံးနဲ့ နီးစပ်သူတွေက ပြောပါတယ်။

ကေအဲန်ယူဘက်က ကေအဲန်အယ်လ်အေ (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်) စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူတူးဆေးဖိုးနဲ့ ဒူးပလာယာခရိုင်က အရာရှိတချို့နဲ့ ဒီကေဘီအေ ဘက်က ဒီကေဘီအေ နာယက မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တ သုဇနတို့ ဦးဆောင်ဆွေးနွေးနေတာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာ (၂၉)ရက်မှာ ဦးသုဇနက ကရင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့နှစ်ခုအကြား ဆွေးနွေးပြီး ကရင်နှစ်သက်ကူးအမီ အပစ် အခတ်ရပ်စဲကြဖို့ နိုးဆော်စာ ထုတ်ပြန်ခဲ့ပြီးနောက်ဒီဆွေးနွေးပွဲ ဖြစ်ပေါ်လာတာပါ။

ဒီကေဘီအေ အဖွဲ့ဟာ ၁၉၉၄ မှာ ကေအဲန်ယူကနေ ခွဲထွက်သွားပြီးကတည်းက (၁၄)နှစ်ကြာ အချင်းချင်း တိုက်ခိုက်နေခဲ့ပြီး အခု ပထမဆုံးအကြိမ် တရားဝင် တွေ့ဆုံဆွေးနွေးနေတာပါ။ ဒီလိုဆွေးနွေးဖြစ်လာတာဟာ ဦးသုဇန ရဲ့ တိုက်တွန်းချက်အပြင် နအဖ က ဒီကေဘီအေ ကို နယ်ခြားစောင့်တပ်အဖြစ် အသွင်းပြောင်းဖို့ ဖိအားပေးမှု၊ ဒီကေဘီအေ တပ်ဖွဲ့ဝင်တချို့ ကေအဲန်ယူ ဘက် ပြန်ပေါင်းလာမှုတွေနဲ့ ဆက်စပ်နေတယ်လို့ နိုင်ငံရေးအကဲခတ်သူတွေ က ပြောပါတယ်။ • • •

---

## ၇။ ၂၀၁၀ ရွေးကောက်ပွဲမှ စစ်မှန်သည့် လွတ်တော်တရပ် မပေါ်နိုင်ဟု KNPP ပြော

*အောက်တိုဘာလ ၁၆ ရက်၊ ၂၀၀၉ ခုနှစ်။*
*သတင်းနှင့်မီဒီယာကွန်ယက် သတင်းဌာန။*

မြန်မာစစ်အစိုးရ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲသည် စစ်မှန်သည့် လူထုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသွားမည့် ပြည်သူ့လွှတ်တော်တရပ်ကို ပေါ်ထွန်းလာမည် မဟုတ်ဟု ကရင်နီအမျိုးသားတိုးတတ်ရေးပါတီ (ကေအဲန်ပီပီ)က သဘောထားထုတ် ပြန်လိုက်သည်။

စစ်အစိုးရ ပြုလုပ်ရန် စီစဉ်ထားတဲ့ ရွေးကောက်ပွဲအပေါ် အောက်တိုဘာလ (၁၂)ရက်နေ့တွင် သဘောထား ထုတ်ပြန်ရခြင်းနှင့် ပတ်သက် ၍ကေအဲန်ပီပီ၏ အထွေထွေ အတွင်းရေးမှူး ခူးဦးရယ်က ယခုလိုပြောသည်။

“ပထမပြောရမယ်ဆိုရင်တော့ ၂၀၀၈ အခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ ဒါက လူထုဆန္ဒသဘောထား အစစ်အမှန်နဲ့ အတည်ပြုထားတဲ့ အခြေခံဥပဒေမဟုတ်ဘူးဆိုတာကို ကျနော်တို့က မီးမောင်းထိုးပြချင်တာပါ။ ဒါကို ကျနော်တို့ လက်မခံဘူးဆိုတာ ပြောချင်တယ်၊ နှစ်အချက်ကတော့ ၂၀၁၀ ရွေးကောက်ပွဲကတော့ ဒီအခြေခံဥပဒေကိုပဲ အမှီပြုပြီးတော့ သူတို့ရွေးကောက်ပွဲလုပ်မှာ ဆိုတော့ ရွေးကောက်ပွဲကလည်းပဲ တချို့သော ကျနော်တို့က လိုချင်တဲ့အကြောင်းချက်တွေ လုပ်ထားတာမျိုးမရှိပဲနဲ့ ရွေးကောက်ပွဲကို တန်းပြီးလုပ်မှာဆိုတော့ တရားမျှတပြီး လွတ်လပ်မယ်လို့ ကျနော်တို့မယူဆဘူး။ နောက်ပြီးတော့ တကယ်လို့များ လုပ်ခဲ့သည်ရှိသော် ထွက်လာတဲ့ ကိုယ်စားလှယ်တွေကလည်းပဲ လူထုကိုယ်စားလှယ်တွေရဲ့ အစစ်အမှန် ဖြစ်မှာ မဟုတ်ဘူးဆိုတဲ့ အနေအထားအောက်မှာ ကျနော်တို့က ဒါကိုအများသိအောင်ဆိုတဲ့ ကျနော်တို့သဘောထားကို ထုတ်ဖော်တာပါ”။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာ စစ်အစိုးရ စစ်ဗိုလ်ချုပ်ကြီး၏ အကျိုးသာဖြစ်ထွန်းစေပြီး တိုင်းရင်းသားလူမျိုးစု၏ အခွင့်အရေးများဖြစ်သည့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ယဉ်ကျေးမှု၊ “လေ့ထုံတမ်းများအား ကာကွယ် စောင့်ရှောက်ပိုင်ခွင့်များသည် ဖွဲ့စည်းမည့် လွှတ်တော် အုပ်ချုပ်မှု အောက်တွင် ပျောက်ကွယ်သွားမည် အန္တရာယ်နှင့် ရင်ဆိုင်ရ လိမ့်မည်ဟု ကြေညာချက်တွင် ထောက်ပြထားသည်။ စစ်အစိုးရ ပြုလုပ်ရန်ပြင်ဆင်နေသည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာ နိုင်ငံ၏ နိုင်ငံရေး ထွက်ပေါက်တခုဟု ယေဘုယျအားဖြင့် လက်ခံ သော်လည်း ရွေးကောက်ပွဲမတိုင်မီ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြန်လည် ပြင်ရမည်”ဟု ခူးဦးရယ်က ပြော သည်။

*We Shall Achieve Victory Through Alliance!*

“နှစ်အချက်က ဟိုမှာ နိုင်ငံရေးအကျဉ်းသား အားလုံးကိုလည်း လွှတ်ပေးရမယ်ဆိုတဲ့ ကိစ္စဟာ ဒါကလည်း ကျနော်တို့ ပြောနေကျပဲ၊ ဒါ့အပြင်ကို တိုင်းပြည်တွင်းမှာ လက်နက်ကိုင် ပဋိပက္ခတွေလည်းရှိနေသေးသည်။ တနိုင်ငံလုံး တိုင်းရင်းသားအတွက် အပစ်အခတ်ရပ်စဲရေးဆိုတဲ့ ကြေညာချက်တွေကိုလည်း ကျနော်တို့ လုပ်ဖို့လိုမယ်။ ဒါပြီးရင် တော့ အားလုံးပါဝင်တဲ့ သုံးပွင့်ဆိုင် တွေ့ဆုံးဆွေးနွေးမှုတွေကို ဒီအမျိုးသားရေးအတွင်း ပြန်လည်သင့်မြတ်ရေးကို ရှေးရှုပြီးတော့ ယခုကျနော်တို့ တွေ့ဆုံးဆွေးနွေးမှု လုပ်ရမယ်။ အဲဒီကထွက်လာတဲ့ အများသဘောတူညီချက်အပေါ်မှာ အခြေပြုပြီးတော့ ရွေးကောက်ပွဲကို နောက်မှလုပ်သင့်တယ်လို့ ကျနော်တို့ယူဆတာပါ”။

ယင်ကဲ့သို့ ပြင်ဆင်လုပ်ဆောင်မှု မရှိပဲ ရွေးကောက်ပွဲကို လုပ်မည်ဆိုပါက အများမြင်နေသည့် မှန်ကန်သည့် နိုင်ငံရေး ထွက်ပေါက်တခု မဖြစ်နိုင်ကြောင်းၛင်းက ဆက်ပြောသည်။ ကေအဲန်ပီပီသည် ၁၉၉၅ ခုနှစ်တွင် မြန်မာ စစ်အစိုးရ နှင့် အပစ်ခတ်ရပ်စဲရေးပြုလုပ်ပြီးလပိုင်းအကြာတွင် ပြန်လည်တောခိုကာ စစ်အစိုးရကို ဆက်လက် တော်လှန်နေသည့်အဖွဲ့ ဖြစ်သည်။ • • •

# ၈။ ရင်ဆိုင်တိုက်ပွဲကြောင့် ဒီကေဘီအေ ၄ ဦးသေဆုံး

*အောက်တိုဘာလ ၁၅ ရက်၊ ၂၀၀၉*
*ကရင်သတင်းစဉ်*

ကရင်ပြည်နယ်၊ ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်ရှိ ကေအဲန်ယူ တပ်မဟာ(၇) နယ်မြေတွင် ကရင်အမျိုးသား လွှတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ)နှင့် တိုးတတ်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) တပ်ဖွဲ့တို့အကြား ယမန်နေ့က ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေဘက်က တပ်သား (၄)ဦး ကျဆုံးခဲ့သည်ဟု သတင်းရရှိသည်။

ယမန်နေ့ မနက်အစောပိုင်းတွင် ဒီကေဘီအေ(၉၉၉)တပ်မဟာ လုံခြုံရေးတပ်ဖွဲ့ တပ်ခွဲ(၂)ခွဲ နှင့် (၉၉၉) တပ်ရင်း(၄)မှ တပ်ဖွဲ့ဝင်တို့ပူပေါင်းပြီး စုစုပေါင်းတပ်အင်အား(၆၀)ခန့်သည် နယ်မြေရှင်းလင်းရန်အတွက် ကေအဲန်အယ်လ်အေ တပ်ဖွဲ့များ၏ တည်ရှိရာနေရာများကို လိုက်လံ ရှာဖွေခဲ့ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ကေအဲန်အယ်လ်အေ တပ်ရင်း(၂၂) ဒုတပ်ရင်းမှူး ဗိုလ်မှူးစောဒီ့ကွယ်က ယခုလိုပြော သည်။

သူက “မနေ့မနက် (၄)နာရီမှာ တပ်ခွဲမှူး ဗိုလ်ကြီးမောင်လှသိန်း၊ ငြိမ်းအောင် ဦးစီးတဲ့ ဒီကေဘီအေ(၉၉၉) တပ်မဟာ လုံခြုံရေးတပ်ဖွဲ့ ရယ်၊ ချားကလယ် ဦးစီးတဲ့ (၉၉၉) တပ်ရင်း(၄)ကတပ်ဖွဲ့ရယ်ဟာ ကျနော်တို့ဘက်က တပ်ခွဲမှူး ဗိုလ်မှူးကြီးပေါ်လူ ဦးဆောင်တဲ့ တပ်ရင်း (၂၂)တပ်ဖွဲ့နဲ့ ပန္နယ်ပူမှာ တိုက်ပွဲဖြစ်ခဲ့တယ်။ (၉၉၉) တပ်မဟာ လုံခြုံရေးတပ်ဖွဲ့က (၄) ယောက်သေတယ်။ ကျနော်တို့ကတော့ ကြိုစောင့်ပြီးပစ်တဲ့အတွက် တယောက်မှ မထိဘူး” ဟုပြောသည်။

မိနစ်(၂၀) ကြာ အပြန်အလှန် ပစ်ခတ်ခဲ့ကြသည့် အဆိုပါရင်ဆိုင်တိုက်ပွဲတွင် ဒီကေဘီအေတပ်ဖွဲ့မှ အကျအဆုံးများ ရှိခဲ့ကြသော်လည်း နှစ်ဖက်တပ်ဖွဲ့များက လက်နက်ခဲယမ်း တစုံတခုမှ သိမ်းဆည်းရမိခြင်းမရှိဟု ဗိုလ်မှူးစောဒီ့ကွယ်က ပြောသည်။

ထိုတိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ၎င်းဒီကေဘီအေ ပူးပေါင်းတပ်ဖွဲ့သည် မဲ့လာအားခီ၊ မဲ့လာအားထဲ့၊ ကပေါ်လေး စသည့် ကျေးရွာများသို့ ပြန်လည်ဝင်ရောက်လာပြီး ရွာသားများ၏ ကြက်၊ ဝက်များကို ပိုင်ရှင်များအား တစုံတရာ အသိပေး အကြောင်းကြားခြင်းမရှိဘဲ အ ကြောင်းမဲ့ ပစ်သတ်ယူစားခဲ့သည်ဟု သိရသည်။

၎င်းတိုက်ပွဲဖြစ်ပွားရာဒေသ သည် ပြီးခဲ့သည့် ဇွန်လတုန်းက နအဖစစ်တပ် နှင့် ဒီကေဘီအေတပ်မဟာ သုံးခု ပူးပေါင်းကာ ကေအဲန်ယူကို ထိုးစစ်ဆင်ခဲ့ရာနယ်မြေများဖြစ်ပြီး ထိုးစစ်ကြောင့် ဒေသခံကရင်ပြည်သူ **၄,၀၀၀** ကျော် ထိုင်းနိုင်ငံ၊ တာခ့်ခရိုင်၊ ထဲ့ဆောင်ယန်း မြို့နယ်သို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

တချိန်တည်းတွင် ယနေ့မနက် ၈း၁၀ နာရီနှင့် ၁၀း၃၀ နာရီအချိန်တွင် ဒီကေဘီအေ(၉၉၉)တပ်ရင်း (၄)မှ တပ်ဖွဲ့ဝင်များသည် မဲ့လာအား ထဲ့ကျေးရွာတွင် မြေမြုပ်မိုင်းများကို လိုက်လံရှင်းလင်းရာမှ နှစ်ဦး ထပ်မံထိခိုက် ဒဏ်ရာရရှိသည်ဟု သိရသည်။

ကေအဲန်ယူ တပ်မဟာ(၇) နယ်မြေတွင် အောက်တိုဘာလလယ်အထိ ကေအဲန်အယ်လ်အေ နှင့် ဒီကေဘီအေ တို့အကြား ပြောက်ကျား တိုက်ပွဲ ၅ ကြိမ်၊ ရင်ဆိုင်တိုက်ပွဲ ၁ ကြိမ် ဖြစ်ပွားခဲ့ရာ ဒီကေဘီအေဘက်က ၅ ဦးသေဆုံး၍ ၁၅ ဦး ထိခိုက်ဒဏ်ရာရပြီး ကေအဲန်ယူ ဘက်က ထိခိုက်သေဆုံးမှုမရှိကြောင်း ကေအဲန်ယူတပ်မဟာ (၇) ဌာနချုပ်၏ မှတ်တမ်းအရ သိရသည်။ • • •

## ၉။ တပ်ခွဲမှူးအပါအဝင် DKBA တပ်ဖွဲ့ဝင် (၁၀)ဦး KNU နှင့်လာရောက်ပူးပေါင်း

*အောက်တိုဘာလ (၁၅)ရက်၊ ၂၀၀၉ ခုနှစ်။*
*သတင်းနှင့်မီဒီယာကွန်ယက် သတင်းဌာန။*

တိုးတတ်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) မှ တပ်ခွဲမှူး အပါအဝင် တပ်ဖွဲ့ဝင် (၁၀)ဦး သည် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် လာရောက်ပူးပေါင်းခဲ့သည်။

ယခုလ (၁၃)ရက်နေ့က အေအဲန်ယူနှင့် လာရောက်ပူးပေါင်းသူများသည် DKBA တပ်မဟာ (၉၉၉)၊ တပ်ရင်း (၅)၊ တပ်ခွဲ (၄) မှဖြစ်ပြီး KNU လက်အောက်ခံ တပ်မဟာ (၅)ကို တိုက်ခိုက်ရန် မြန်မာစစ်အစိုးရ၏ အမိန့်ပေးစေခိုင်းမှုကို လက်မခံနိုင်သည့်အတွက် KNU ထံလာရောက်ပူးပေါင်းခြင်း ဖြစ်သည်ဟု ထိုအဖွဲ့မှ ဒုဗိုလ်စောညာက ပြောသည်။

"နအဖက ညွှန်ကြားထားတဲ့အတိုင်း ကျနော်တို့ မလိုက်လျောနိုင်နိုင်ဘူး၊ နောက်ပြီးတော့ ကျနော်တို့ ကရင်အချင်းချင်းဆိုတော့လည်း မတိုက်ချင်ဘူး။"

DKBA တပ်ဖွဲ့များအနေနှင့် စားရေရိက္ခာ လုံလောက်မှု မရှိခြင်း၊ တိုက်ပွဲတွင် ဒဏ်ရာရထားသူများအား စောက်ရှောက်မှုမရှိခြင်း၊ စစ်အစိုးရတပ်မှ ကရင်လူထုအပေါ် အဓမ္မလုပ်အားပေး စေခိုင်းမှုများအပေါ် ၎င်းတို့အနေနှင့် ကာကွယ်မှုမပေးနိုင်ခြင်း စသည့်အခက်အခဲများနှင့် ကြုံတွေ့နေကြရသည်ဟု ၎င်းကတတ်ပြောသည်။

KNU ထံလာရောက်ပူးပေါင်းသူများမှာ ဗိုလ်ကြီး စောဆာဖော၊ ဒုဗိုလ်စောငြိမ်း၊ ဒုဗိုလ်ဆာ့ဟဲ၊ တပ်ကြပ်ကြီး အယ်ထူး၊ တပ်ကြပ်စုဇူးနှင့် တပ်သား (၅)ဦးတို့ဖြစ်ပြီး ၎င်းတို့နှင့်အတူ လက်နက်မျိုးစုံ ၁၂ လက်၊ လမ်းလျှောက်စကားပြောစက် ၂ လုံး၊ လက်ကိုင် ဖုန်းတစ်လုံးပါဝင်သည်။

လက်နက်များမှာ M-16 မောင်းပြန်ပြန်ရိုင်ဖယ် 5 လက်၊ AK-47 ၂ လက်၊ AK စက်လတ် ၁ လက်၊ RPG-2 ၁ လက်၊ M-79 မော်တာ ၁ လက်၊ ကာဘိုင် ၁ လက်၊ 9.MM ပစ္စတို ၁ လက်တို့ဖြစ်သည်။

DKBA တပ်ဖွဲ့ဝင်များ လာရောက်ပူးပေါင်းမှုအပေါ် KNU လက်အောက်ခံ KNLA တပ်မဟာ(၇)၊ တပ်ရင်း ၁၀၁ ရင်းမှူ ဒုဗိုလ်မှူးကြီး စောဖောဒိုက ၎င်း ၏အမြင်ကို ယခုလို သုံးသပ်သည်။

"သူတို့(ဒီကေဘီအေ)ရဲ့ လက်ရှိအနေအထားအရ ဒီလကုန်မှာ သူတို့ဟာ နယ်ခြားစောင့်တပ် ဖြစ်ရမယ်။ အဲဒီအချက်ကို လက်မခံနိုင်ဘူး။ နယ်ခြားစောင့်တပ်သွားရင် နအဖရဲ့ လစာကို စားရမယ်၊ နအဖတပ်ဖြစ်သွားမယ်၊ ဒါကို သူတို့က လက်မခံနိုင်ဘူး၊ နောက်တစ်ချက်ကအခု ရက်ပိုင်းအတွင်းမှာပဲ ကျနော်တို့တပ်မဟာ ၅ ကို ချေမှုန်းဖို့အတွက် နအဖတပ်က ဒီကေဘီအေ တပ်တွေကို ခိုင်းတာကို သူတို့ကမသွားနိုင်တော့ အဆက်အသွယ် လုပ်ပြီးတော့ ပြန်လာတာဖြစ်တယ်။"

ယခုနှစ်ဇွန်လဆန်းပိုင်း DKBA နှင့် KNLA တို့တိုက်ပွဲများဖြစ်ပွားပြီးနောက် KNLA တပ်မဟာ (၇)သို့ လာရောက်ပူးပေါင်း သည့် DKBA တပ်ဖွဲ့ဝင် (၄၇)ဦး ရှိပြီးဟု ကေအဲန်ယူ က ပြောသည်။ • • •

## ၁၀။ နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ဒီကေဘီအေ မှ အပြီးသတ်စာရင်း တင်ရမည်

*စက်တင်ဘာလ (၁၃)၊ ၂၀၀၉ ခုနှစ်။*
*ဒီဗွီဘီ သတင်းဌာန။*

နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ)က စစ်ဘက်ရေးရာ လုံခြုံရေးအကြီးအကဲဆီ လာမည့် (၁၅)ရက်နေ့မှာ အပြီးသတ်စာရင်းတင် ဆုံးဖြတ်ချက်ပေးရမှာ ဖြစ်ပါတယ်။ ဒီကေဘီအေ တပ်ဖွဲ့ရဲ့ တပ်ရင်းနဲ့ တပ်သားဦးရေ စာရင်းတွေကို စစ်ဘက်ရေးရာ လုံခြုံရေးအကြီးအကဲ ဗိုလ်ချုပ်ရဲမြင့်ဆီ လာမည့် အောက်တိုဘာလ (၁၅)ရက်နေ့ နောက်ဆုံးစာရင်းတင်ရမယ်လို့ ဒီကေဘီအေ သတင်းရပ်ကွက်က ပြောပါတယ်။

အဲဒီနောက် တပ်ရင်းတွေပြန်လည်ဖွဲ့စည်း ရာထူးနေရာချမှာ ဖြစ်ပြီး လာမယ့် (၁၂)လပိုင်းကျရင် အရှေ့တောင် တိုင်းစစ်ဌာနချုပ်ရှိရာ မော်လမြိုင်မှာ စစ်ရေးနဲ့ အုပ်ချုပ်ရေး သင်တန်းတက်ရမယ်လို့ ဒီကေဘီအေ အရာရှိတဦးက ပြောပါတယ်။ "(၁၅)ရက်နေ့က ဗိုလ်ချုပ်ရဲမြင့်ကို ဆုံးဖြတ်ချက် ပေးရမယ့်နေ့ နောက်ဆုံးပဲ။ နယ်ခြား စောင့်တပ်လုပ်ဖို့ တပ်ရင်းတွေ ဒီမှာ မရှိတော့ဘူး။ တပ်ရင်းတရင်းကို (၃၆၀)၊ ဟိုဘက်မှာ မြန်မာတပ်က (၃၀)စီပါ မယ်။ တပ်ရင်းမှူးကနေ တပွင့်အထိ (၁၅)ယောက်၊ တပွင့်ကနေ

ရဲဘော်အထိက (၁၅)ယောက်မျှ ပြီးတော့ သူတို့ပါဝင်မယ်။ ဒု–ဗိုလ်မှူးကြီးက အကြီးဆုံးပဲ။ တပ်ရင်းက ဘယ်လောက်ဆိုတာ မပြောတတ်ဘူး။ ဒီမှာတော့ တပ်ရင်း တရင်းပဲ ရှိရတော့မယ်။ မော်လမြိုင်မှာ စစ်သင်တန်းသွားတက်ရမယ်။"

ဒါပေမယ့် တပ်ရင်းတရင်းအတွက် ချပေးမယ့် ငွေကြေး၊ တပ်မှူးတပ်သားတွေရဲ့ လစာ စတဲ့ အသေးစိတ်တွေ မသိရသေးလို့ပြောပါတယ်။ ဒီကေဘီအေ ခေါင်းဆောင်တွေဟာ ဌာနချုပ် မြိုင်ကြီးငူမှာ နယ်ခြား စောင့်အသွင်ပြောင်းရေးဆိုင်ရာ ငါးရက်ကြာအစည်းအဝေး ကျင်းပနေပြီး ဒီနေ့ သုံးရက်မြောက်နေ့ ဖြစ်တယ်လို့ ဒီကေဘီအေ ခေါင်းဆောင်အသိုင်းအဝိုင်းက ပြောပါတယ်။ ဒီကေဘီအေ အပါအဝင် အပစ်ရပ်အဖွဲ့တွေ နယ်ခြား စောင့်တပ်အသွင်ပြောင်းတဲ့အခါ တပ်ရင်းတရင်းကို တပ်သား (၃၆၀)ဦး ရှိရမှာဖြစ်ပြီး အဲဒီထဲမှာ တပ်မတော်က အင်အား (၃၀)ပါဝင်မှာ ဖြစ်ပါတယ်။ နယ်ခြားစောင့်တပ်တွေဟာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရဲ့ တိုက်ရိုက်ကွပ်ကဲမှု အောက်မှာ ထားရှိပြီး ရာထူးတွေက ဗိုလ်းမှူးအဆင့်အထိသာ ထားရမှာ ဖြစ်သလို တပ်သားတွေကို အသက်(၁၈)နှစ် နဲ့ (၅၀)ကြားမှာပဲ ထားရမယ်လို့ ညွှန်ကြားထားပါတယ်။

ဒ့ါအပြင် ဗိုလ်ချုပ်ရဲမြင့်က ပြီးခဲ့တဲ့လကုန်ပိုင်းလောက်က ဒီကေဘီအေ ဌာနချုပ် မြိုင်ကြီးငူအထိ လာရောက် ပြီး ဒီကေဘီအေ က လက်ရှိဖွဲ့စည်းလည်ပတ်နေတဲ့ စစ်ဗျူဟာတွေကို ဖျက်သိမ်းပြီး တပ်ရင်းတွေသာ ထားရမယ်လို့ ညွှန်ကြားသွားတယ်လို့ ဒီကေဘီအေ အရာရှိတယောက်က ပြောပါတယ်၊ ဒီကေဘီအေ တပ်ဖွဲ့မှာ ဗိုလ်ချုပ်အဆင့်ထိ ရာထူးတွေရှိတာကို နယ်ခြားစောင့်တပ် အသွင်ပြောင်းတဲ့အခါ ရာထူးလျှော့ချရမယ့်ကိစ္စနဲ့ အသက်ငါးဆယ်ကျော်သူ တပ်ကနေ ထွက်ရမယ့် သတ်မှတ်ချက်တွေကြောင့် တပ်တွင်းမှာ ကျေနပ်မှု သိပ်မရှိကြဘူးလို့ ဒီကေဘီအေ (၉၉၉) တပ်အရာရှိတဦးက ပြောပါတယ်။ "နိုင်ငံတနိုင်ငံမှာ စစ်တပ်ဆိုတာ တခုပဲရှိတယ်လေ။ သဘောမတူလည်း မရဘူး။ အခြေအနေ ဘယ်လိုလာမယ်မသိဘူး။"

နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို ဒီကေဘီအေ တပ်သားတွေ ကြည်ညိုတဲ့ မြိုင်ကြီးငူဆရာတော် ဦးသုဇန ကိုယ်တိုင် သဘောမတူဘူးလို့ သူက ပြောပါတယ်။ ဒီကေဘီအေ တပ်ဖွဲ့ဟာ ကရင့်အမျိုးသားအစည်းအရုံး ကေအဲန်ယူကနေ (၁၉၉၄)တုန်းက ခွဲထွက်ပြီး နအဖနဲ့ ငြိမ်းချမ်းရေးယူခဲ့တဲ့ ကရင်အဖွဲ့အစည်း ဖြစ်ပါတယ်။ • • •

## ၁၁။ အက်စ်အက်စ်အေ မြောက်ပိုင်း နာယက ဗိုလ်ချုပ်စိုင်းနောင့် သေနတ်ဒဏ်ရာဖြင့် သေဆုံး

*အောက်တိုဘာလ (၁၂)၊ ၂၀၀၉ ခုနှစ်၊*
*သတင်းဌာန။*

နအဖ နဲ့ အပစ်ခတ်ရပ်စဲရေး ပြုလုပ်ထားတဲ့ ရှမ်းပြည် တပ်မတော် မြောက်ပိုင်းအဖွဲ့ရဲ့ နာယက ဗိုလ်ချုပ် စိုင်းနောင့် ဒီနေ့မနက်ပိုင်းက သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားကြောင်း သိရပါတယ်။ ရှမ်းပြည်မြောက်ပိုင်း သီပေါ မြို့နယ်ရှိ သူ့နေအိမ်မှာပဲ သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားကြောင်း သိရပါတယ်။

ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်ရှိ သူ့နေအိမ်မှာပဲ သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားတာဖြစ်ပါတယ်။ အရင်က အက်စ်အက်စ်အေ ဥက္ကဋ္ဌ တာဝန်ယူခဲ့ဖူးတဲ့ အသက် (၇၀)နှစ်ကျော် ဗိုလ်ချုပ်စိုင်းနောင့်ဟာ သေနတ်ဒဏ်ရာနဲ့ သေဆုံးခဲ့တာ ဖြစ်ပြီး၊ သူ့ကိုယ်သူ သေကြောင်း ကြံတာလား၊ လုပ်ကြံခံရ သလား ဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပေမဲ့ အများစုက လုပ်ကြံမှုတခုအနေနဲ့ ထင် မြင်နေကြတယ်လို့ အက်စ်အက်စ်အေ အဖွဲ့နဲ့ နီးစပ်သူတဦးက ပြောပါတယ်။ "သူက ဒီနေ့မနက် ခြောက်နာရီ လောက်မှာ သူ့အိမ်က အမျိုးသမီးတယောက်က အိမ်ဖေါ်ထပ်ကို တက်တယ်။ အဲဒီအချိန်မှာ သေနတ်ဒဏ်ရာနဲ့ သေးဆုံးနေတယ်။ သူ့ရဲ့ဘေးမှာ သေနတ်တလက်ရှိတယ်။ သေနတ်သံကို ဘေးပတ်ဝန်းကျင်က မကြားရဘူး။ ရန်သူ က သတင်းလွှင့်တာက သူ့ကိုယ်သူ ပစ်သတ်တယ်လို့ သတင်း လွှင့်တယ်။ အဲလို မထင်ကြဘူး။ ဘေးပတ်ဝန်းကျင်က အသံတိတ် သေနတ်နဲ့ လာလုပ်ကြံတယ်လို့ ထင်ကြတယ်။ နေတဲ့အိမ်မှာ လည်း သူနဲ့မိန်းမတယောက်ပဲ ရှိတာကိုး။ သူနေတဲ့အိမ်က သီပေါ၊ ဒုဌဝတီ တည်းခိုခန်းဘေးက နှစ်ထပ်တိုက် အိမ်မှာဖြစ်တာ။ အခု ရဲတွေ၊ တပ်တွေ ဝိုင်းထားတယ်။ အက်စ်အက်စ်အေ က တာဝန်ရှိ သူတွေ ရောက်နေတယ်။ နေ့လယ် (၁၂)နာရီခွဲအထိ ဘယ်သူမှ မကိုင်ခိုင်းဘူး၊ သွားလို့လည်း မရဘူး။ အလောင်းကို ရင်ခွဲရုံကို ပို့မယ်ပေ့ါ။"

သေဆုံးသူ ဗိုလ်ချုပ်စိုင်းနောင့်ဟာ စစ်ရေးဘက်မှာ တော်သူတဦးဖြစ်ပြီး လက်ရှိအကျဉ်းထောင်တွင်းရှိနေတဲ့ ဗိုလ်ချုပ်ဆေထင် (၁၉၈၉) ခုနှစ်က နအဖ စစ်အစိုးရနဲ့ အပစ်ခတ် ရပ်စဲရေးလုပ်ခဲ့ပေမယ့် ဗိုလ်ချုပ်စိုင်းနောင့်က (၉၁)ခုနှစ်မှ ငြိမ်းချမ်းရေးလုပ်ခဲ့တာလို့ သူ့မိတ်ဆွေတဦးက ပြောပြပါတယ်။ အပစ်ခတ်မရပ်ခင်မှာ အက်စ်အက်စ်အေ မြောက်ပိုင်း တပ်မ (၂၂)တပ်ရင်းမှူးအဖြစ် ထမ်းဆောင်ခဲ့ပြီး၊ သူအုပ်ချုပ်ခဲ့ တပ်မ (၂၂) ဟာ တိုက်ခိုက်ရေး အကောင်းဆုံးလို့ ပြောပါတယ်။

အပစ်ခတ်ရပ်ပြီးကာလမှာ အက်စ်အက်စ်အေ မြောက်ပိုင်းတပ်ဖွဲ့ ဥက္ကဋ္ဌ နေရာမှာ ဗိုလ်ချုပ်ဆေထင် အစား တာဝန်ယူရပြီး နောက်ပိုင်းမှာ နားမကြား၊ ကျန်းမာရေးလည်း မကောင်းတဲ့အတွက် နာယက အဖြစ် တာဝန်ယူခဲ့တာ ဖြစ်ပါတယ်။ ရှမ်းပြည်မြောက်ပိုင်းရှိ အက်စ်အက်စ်အေ နဲ့ အက်စ်အက်စ်အန်အေ (၂)ဖွဲ့ ပူးပေါင်းထားတဲ့ ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးကောင်စီ အက်စ်အက်စ်ပီစီ မှာ ဒု–ဥက္ကဋ္ဌ အဖြစ် တာဝန်ယူခဲ့ပါတယ်။ ● ● ●

## ၁၂။ ဝ နှင့်စစ်အစိုးရ စစ်တပ်အင်အား စံနူန်းပြည့်မှီသလာ

*အောက်တိုဘာလ ၀၉၊ ၂၀၀၉ ခုနှစ်။*
*သျှမ်းသံတော်ဆင့် သတင်းဌာန။*

၂၀၀၀ ပြည့်နှစ်ကတည်းကစ၍ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအားလုံး အပြုတ်တိုက်ရန် စွန်ရဲ စစ်ရေးလေ့ကျင့်မှုကို စစ်အစိုးရနှစ်စဉ်ပြုလုပ်လာခဲ့သည်။ လူအားထက် လက်နက်အား ပိုမိုအားထားရန်သာ ရှိသော်လည်း မြန်မာ့တပ်မတော်တွင် စစ်အင်အား ၄ သိန်းရှိကြောင်း ဂုဏ်ယူဝင့်ကြွားလေ့ရှိသည်။ ဗမာ့တပ်မတော် ပြီးလျှင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များထဲ၌ ဝပြည်သွေးစည်း ရေးတပ်မတော် UWSA မှာ အင်အား အတောင့်တင်းဆုံး ဖြစ်သည်။



စစ်အစိုးရ မကြာခဏထုတ်ပြန်ကျေငြာချက်အရ အပစ်ရပ်တပ်ဖွဲ့ ၁၇ ဖွဲ့ရှိသည်ဟုဆို၏။ လက်နက်ချရန် အတွက် ဖိအားအမျိုးမျိုးပေးခံရသဖြင့် ၂၀၀၅ တွင် ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် PSLA နှင့် သျှမ်းပြည်အမျိုးသားတပ်မတော် SSA အချို့လက်နက်ချ ခဲ့ရသည်။ ၂၀၀၇ တွင် SNPLO ထိန်းချုပ်နယ်မြေ အား စစ်အစိုးရအင်အားသုံးပြီး ဝင်ရောက်သိမ်းပိုက်သကဲ့သို့ ယခုနှစ် ဩဂုတ်စ် နောက်ဆုံးပတ်ကလည်း ကိုးကန့်တပ်ဖွဲ့ MNDAA ထိန်းချုပ်နယ်မြေအား ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ကိုးကန့်အရေးအခင်းနောက်ပိုင်း စစ်အစိုးရပစ်မှတ်ထားသည့်အဖွဲ့မှာ ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် UWSA မှာဖြစ်နိုင်ခြေ အများဆုံး ဖြစ်၏။




ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA၏ လူသူလက်နက်အင်အား ၂၅,၀၀၀ – ၃၅,၀၀၀ အထိ ရှိပြီး လက်နက်ကိုင် ပြည်သူ့စစ်အင်အား ၄၀,၀၀၀ ရှိသည်ဟု အကဲခတ်များ သုံးသပ်ကြ၏။ ဗမာ့တပ်မတော်တွင် အင်အား ၄၉၀,၀၀၀ ရှိကြောင်းနှင့်အရှေ့ တောင်အာရှ၌ ဒုတိယအကြီးဆုံး တပ်မတော်ဖြစ်ကြောင်း စစ်အစိုးရ ပြောသော်လည်း ပြည်တွင်းမှလေ့လာသူတစ်ဦးက "သျှမ်းပြည်မြောက်ပိုင်း၊ လားရှိုးအခြေစိုက် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့ အင်အား ခြေလျင်ခြေမြန်တပ်ရင်း ၄၆ ရင်း၊ ထောက်ပို့တပ် ၈ ရင်း၊ အမြောက်တပ် ၁၁ ရင်း၊ သံချပ်ကာတပ် ၁ ရင်းနှင့် တင်းကား တပ်ရင်း ၁ ရင်း ရှိသည်ဟုဆို၏။



UWSA ဝ တပ်ဖွဲ့၏ မြောက်ပိုင်းနှင့် အလယ်ပိုင်း လူသူလက်နက်အင်အား ၅,၀၀၀ ခန့်ရှိသည်ဟု နအဖ တပ်က ဆိုသည်။

အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ထိန်းချုပ်နယ်မြေနှင့် မျက်နှာချင်းဆိုင် ဝ တပ်ထိန်းချုပ်နယ်မြေ အတွင်းရှိ မြောက်ပိုင်း အလယ်ပိုင်း လူသူလက်နက် အင်အားမှာ ဌာနချုပ်ပန်ဆန်းနှင့် ပန်ဝိုင်တွင် ၅၀၀ ခန့်၊ ပန်ဆန်းရှိ လက်နက်ကြီးတပ်ရင်းတွင် ၉၀၀ ခန့်၊ မြောက်ပိုင်းမိန်မိုင် နမ့်တစ်ရှိ တပ်မဟာ ၃၁၈ တွင် ၁,၅၀၀ခန့်၊ အနောက်ဘက်ခြမ်း ဝ နယ်တပ်မဟာ ၄၁၈ ထိန်းချုပ်နယ်မြေ အလယ်ပိုင်းတွင် အင်အား ၁၅၀၀ ခန့် ရှိကြောင်း ရမခ စာရင်းဇယားက မှတ်ယူသည်ဟု ဆိုသည်။

သံလွင်အရှေ့ခြမ်း ကျိုင်းတုံအခြေစိုက် တြိဂံတိုင်းစစ်ဌာနချုပ်ထိန်းချုပ်နယ်မြေနှင့် မျက်နှာချင်းဆိုင် (ကျိုင်းတုံ မြောက်ဘက်) မိုင်းပေါက်အခြေစိုက် တပ်မဟာ ၄၆၈ဝ တပ်အင်အားများကိုမူ ထည့်တွက်ခြင်း မရှိပေ။

မိုင်းဆတ် မိုင်းတုံမြို့နယ်အတွင်း ထိုင်းနယ်စပ် တလျှောက်အခြေစိုက် တောင်ပိုင်း ဝ တပ်ဖွဲ့အမှတ် ၁၇၁ စစ်ဒေသ၏ တပ်မဟာ ၇၇၂၊ ၇၇၅၊ ၅၁၈ နှင့် ၂၄၈ တို့လည်းရှိသေး၏။ တပ်မဟာ တခုပျှမ်းမျှအင်အား ၁,၅၀၀ ရှိပါက ဝ တပ်ဖွဲ့၏ စုစုပေါင်းအင်အားမှာ ၁၅,၀၀၀ ထက်ပိုမည် မဟုတ်ဟု နအဖ ဘက်မှ မှတ်ယူပုံရသည်။

နအဖ စစ်တပ်တွင်လည်း တပ်ရင်းတရင်း၌ ရှိရမည့် အင်အားစံနှုန်းနှင့် လုံးဝပြည့်မှီခြင်းမရှိဟု လေ့လာသူ များကပြောသည်။ ၂၀၀၅ တတိယ– လေးလပတ်အစည်းအဝေးတွင် စစ်ရေးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနအဖ ဝန်းကြီးချုပ်)က မြန်မာ့တပ်မတော်တွင် တပ်ရင်းပေါင်း ၅၅၀ ရှိသည့်အနက် ၂၈၄ ရင်းမှာ တစ်ရင်းလျှင် လူအင်အား ၂၀၀ ပင် မပြည့်ကြောင်း၊ ကျန်သည့် တပ်ရင်း ၂၂၀ ရင်းတွင်လည်း ၂၀၀နှင့် ၃၀၀ ကြားသာ ရှိကြောင်း တင်ပြခဲ့ဖူး၏။ သို့သော်လည်း စင်စစ်တပ်ရင်းတိုင်းတွင် အင်အား ၁၅၆ ယောက်ထက် မပိုကြောင်း၊ တပ်ရင်းတစ်ရင်း၏ တိုက်ခိုက်ရေးအင်အား ၁၂၀–၁၅၀ ရှေ့တန်းသွားနိုင်သည့် အင်အား ၆၀–၈၀ ခန့်သာ ရှိကြောင်း ဆိုပါသည်။

ထိုစဉ်က ဗိုလ်သိန်းစိန်၏ အစီရင်ခံချက်အရ လက်နက်ထက် လူသစ်ရှာရပိုခက်သောကြောင့် တိုက်ပွဲတွင် လူအားထက် ခေတ်မှီလက်နက် အင်အား ပိုမိုအသုံးပြုသွားရမည်ဖြစ်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။ ထို့အတူ တောင်ကြီးမှ SB ရဲမှူးတဦး၏ ထုတ်ဖော်ချက်ကို ကိုးကား ဖူးသည့် လားရှိုးကုန်သည် တယောက်က "အပစ်ရပ် တွေနဲ့ တိုက်ပွဲဖြစ်လာရင် မြောက်ကိုးရီးယားက ရလာတဲ့ လက်နက်ဆန်းတွေ ထုတ်သုံးမယ်၊ လူတွေတော့ များများ သေလိမ့်မယ်" ဟု မေလလယ်ပိုင်းက ခြိမ်းခြောက်ပြေဆို ဖူးသည်။

နယ်စပ်ရှိ အပစ်ရပ်တပ်ဖွဲ့များအားလုံး နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန်အတွက် အချိန်ပေးထားသည်မှာ အောက်တိုဘာလကုန် နောက်ဆုံးသတ်မှတ်ရက် ဖြစ်သောကြောင့် စစ်အစိုးရနှင့် ဝ ဆက်ဆံရေးလည်း မကြာတော့သောအချိန်တွင် ထူးခြားပြောင်းလဲမှုများ ပိုရှိလာနိုင်ကြောင်း အကဲခတ်များ သုံးသပ်ပြောဆိုနေကြပါသည်။ • • •

---

## ၁၃။ အီးအဲန်စီ နှင့် အဲန်ဒီအက်ဖ် အကြား အငြင်းပွားမှုဖြစ်

*အောက်တိုဘာလ (၆)ရက်၊ ၂၀၀၉ ခုနှစ်။*
*ဗွီအိုအေ သတင်းဌာန။*

၂၀၁၀ ရွေးကောက်ပွဲ ဝင်သင့်၊ မသင့်နဲ့ ပတ်သက်ပြီး တိုင်းရင်းသားအဖွဲ့တွေအကြား အငြင်းပွားမှုဖြစ်ပွား နေကြောင်း သိရပါသည်။ အီးအဲန်စီ ခေါ် တိုင်းရင်းသားလူမျိုးများကောင်စီနဲ့ အဲန်ဒီအက်ဖ် ခေါ် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (မဒတ)တို့အကြား အငြင်းပွားမှု ဖြစ်နေပါတယ်။ မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုကို ဆန့်ကျင်တဲ့ အမေရိကန်လွှတ်တော်အမတ် ဂျမ်ဝက်ဘ်ဆီ စက်တင်ဘာ (၂၈)ရက်နေ့ နေ့စွဲနဲ့ အီးအဲန်စီက စာတစ် စောင်ပေးပို့ရာကနေ ဒီအငြင်းပွားမှု စတင်ခဲ့တာပါ။

အဲဒီစာရဲ့ဆိုလိုရင်းဟာ ရွေးကောက်ပွဲကို ဝင်ဖို့ပြောတာမဟုတ်ဘဲ တရားမျှတတဲ့ ရွေးကောက်ဖြစ်ဖို့ တိုက်တွန်းခြင်းဖြစ်တယ်လို့ အီးအဲန်စီ က ပြောပေမယ့် အဲန်ဒီအက်ဖ် ဥက္ကဋ္ဌ ဖြစ်သူ ကေအဲန်ယူ ဒု–ဥက္ကဋ္ဌ လည်းဖြစ်တဲ့ စောဒေးဗစ်သာကဘော် က ဒါဟာ အတွေးအခေါ်အရ လွဲမှားနေတာကြောင့် သူတို့ဖက်က ကန့်ကွက်စာ ထုတ်ရ တာကို ပြောပါတယ်။ "ရွေးကောက်ပွဲကို ဝင်မယ့်လူတွေဆိုရင် ကူညီသင့်တယ်၊ ရွေးကောက်ပွဲကို စောင့်ကြည့်အုံး၊ မရှုတ်ချနဲ့ပေါ့။ အဲဒီသဘောပဲ။ ကေအဲန်ယူနဲ့ အဲန်ဒီအက်ဖ် ကတော့ ဒီဟာက မမှန်ဘူး။ ရွေးကောက်ပွဲကို ဟုတ်သည် ရှိ၊ မဟုတ်သည်ရှိ ဝယ်မယ်ဆိုတဲ့သဘောမျိုး ဖြစ်နေတယ်။ အတွေးအခေါ်တွေ ရှုတ်ကုန်တဲ့အတွက် ကျနော်တို့က ပြန် ရှင်းဖို့ပေါ့။ ကျနော်တို့က (၁)အချက် ရွေးကောက်ပွဲဆိုတာက ဒီအခြေခံဥပဒေကို မပြင်ဘူး၊ (၂)အချက် နိုင်ငံရေး အကျဉ်းသမားတွေ မလွှတ်ဘူး၊ (၃)အချက် မီဒီယာ လွတ်လပ်ခွင့်မရှိဘူး၊ (၄)အချက် လွတ်လပ်စွာစည်းရုံးပိုင်ခွင့်မရှိ ဘူး။ အဲဒါတွေ မရှိရင် ကျနော်တို့ဆက်လက်ပြီး အပြောင်းအလဲအတွက် တိုက်ပွဲဝင်သွားမယ်။"

အီးအဲန်စီ ပေးစာကို သဘောမတူကြောင်း ကြေညာချက်တွေ ထုတ်ပြန်ခဲ့တဲ့ အဲန်ဒီအက်ဖ်နဲ့ ကေအဲန်ယူ မှ ဥက္ကဋ္ဌ ပဒိုဒေးဗစ်သာကဘော် ဖြစ်ပါတယ်။ ဒါပေမယ့် အီးအဲန်စီ အဖွဲ့ရဲ့ ဂျမ်ဝက်ဘ်ဆီ ပေးစာကို ပြန်လည် ဆန်းစစ်ကြည့်တဲ့အခါမှာ လက်မှတ်ရေးထိုးထားတဲ့ အထွေထွေအတွင်းရေးမှူးနေရာမှ ကေအဲန်ယူ နိုင်ငံခြားရေး ဌာန တာဝန်ခံ စောဒေးဗစ်ထော ဆိုတာကို တွေ့ရတဲ့အတွက် ကေအဲန်ယူ အရာရှိ (၂)ဦးအကြား အမြင်မတူတဲ့ သဘောမျိုးဖြစ်နေပါတယ်။ ဒါကြောင့် ဒီစာနဲ့ပတ်သက်ပြီး အီးအဲန်စီ အဖွဲ့ရဲ့ အကြံပေးအရာရှိ ဘရာဆဲ အခြေစိုက် အီးယူ မြန်မာရုံးညွှန်ကြားရေးမှူး ဦးဟန်ညောင်ရွှေက သဘောထားကွဲတာ မဟုတ်ဘဲ စာကိုအရဆိုရင် အဓိပ္ပါယ်ဖော် ရာမှာ နားလည်မှုလွဲခြင်းသာ ဖြစ်ဖို့များတယ်လို့ တုံ့ပြန်ချက် ပေးခဲ့ပါတယ်။ "ဖတ်ကြည့်ပါ လက်ခံတာ မဟုတ်ဘူး။ အီးအဲန်စီ ပေါ်လစီက ရွေးကောက်ပွဲကို ဘယ်လိုမှ မထောက်ခံနိုင်ဘူး။ ဒါပေမယ့် ဂျမ်ဝက်ဘ်စာကို သူတို့က အင်္ဂလိပ် လိုဖတ်ပြီးမှ ဒီအရဆိုရင် အဓိပ္ပါယ်ကောက်တာ လွဲနေတယ်လို့ ကျနော်မြင်တယ်။ ဘာကြောင့်လည်းဆိုရင် အီးအဲန်စီ ရှင်းတာက

ရွေးကောက်ပွဲနဲ့ အခြေခံဥပဒေကို လုံးဝ မလက်ခံဘူး။ ဒါပေမယ့် အီးအဲန်စီ ကိုယ်စားနေတဲ့အဖွဲ့က ပြည် တွင်းမှာရှိတဲ့ အဖွဲ့တွေရှိပါတယ်။ အပစ်ခတ်ရပ်စဲတို့၊ မပစ်ခတ်ရပ်စဲတို့၊ လူမှုရေးအစည်းအဝေးတွေ ရှိနေတယ်။ အဲဒီကြောင့်မို့လို့ အီးအဲန်စီ က ယူအက်စ်အနေနဲ့ ဒီရွေးကောက်ပွဲကို တတ်နိုင်သမျှ အဲဒီပုဂ္ဂိုလ်တွေကို၊ ပြည်တွင်းက မရှိတဲ့လူတွေကို ကူပေးပါ တကယ်ပဲ စစ်မှန်တဲ့ ရွေးကောက်ပွဲဖြစ်အောင် လုပ်ပေးပါလို့ ပြောတာ အီးအဲန်စီအနေနဲ့ လက်ခံတာ မဟုတ်ပါဘူး။”

အီးအဲန်စီနဲ့ အဲန်ဒီအက်ဖ် မှာပါတဲ့ တိုင်းရင်းသားခေါင်းဆောင်အများစုဟာ (၂)ဖွဲ့စလုံးမှာ ထပ်ပြီးပါနေတဲ့ အတွက် ဒီလိုအငြင်းပွားမှုမျိုး မဖြစ်အောင် အချင်းချင်း ဒီထက်မက ဆွေးနွေး တိုင်ပင်သင့်တယ်လို့ အကဲခတ် တချို့က ထောက်ပြခဲ့ပါတယ်။

စာမျက်နှာ (၆) မှ အဆက်

## ၅။ ကေအဲန်ယူ နှင့် ဒီကေဘီအေ ပဏာမ အဆင့် ဆွေးနွေးပွဲ ပြီးစီး

ဆွေးနွေးခဲ့ကြောင်းနဲ့ ဒီကေဘီအေ ဘက်က မြိုင်ကြီးငူဆရာတော် ဦးသုဇန ကိုယ်တိုင် ဦးစီးတက်ရောက်ပြီး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးဖို့ စာချုပ်စာတမ်းပါ တပါတည်း ယူလာတာ တွေ့ရတယ်လို့ အဲဒီကိုယ်စားလှယ်က ပြောပါတယ်။ ဒီကိစ္စအတွက် ကေအဲန်ယူ ဗဟိုကော်မတီမှာ ဘာမှကြိုတင် ဆွေးနွေးတာမျိုး မလုပ်ရသေးတဲ့အတွက် တထိုင်တည်းနဲ့ လက်မှတ်ထိုးဖို့ မဖြစ်နိုင်သေးကြောင်း၊ ဆရာတော်နဲ့ ဒီကေဘီအေ ရဲ့ တင်ပြချက်ကို ကေအဲန်ယူ ဘက်က အလေးအနက်ထားပြီး ဗဟိုကော်မတီထံ ပြန်လည် တင်ပြမှာ ဖြစ်ကြောင်း၊ နောက်တကြိမ် ဆွေးနွေးပွဲမှာ ရှေ့တဆင့် တက်နိုင်လိမ့်မယ်လို့ သူမျှော်လင့်ကြောင်း ဒီကေဘီအေ နဲ့ ဆွေးနွေးရေးအတွက် တာ ဝန်ပေးအပ်ခံထားရသူ ကေအဲန်ယူ ဗဟိုကိုယ်စားလှယ်က ပြောပါတယ်။ ကေအဲန်ယူ ရဲ့သဘောထားက ဒီကေဘီအေ ကို သီးခြားလွတ်လပ်တဲ့ အဖွဲ့တခုအဖြစ် မြင်ချင်ပြီး စစ်အစိုးရလက်အောက်ခံ ဖြစ်နေတာမျိုးကို ဆက်လက်မမြင်ချင် ဘူးလို့ ပြောပါတယ်။ ပြီးခဲ့တဲ့လတွေအတွင်း ကေအဲန်ယူ စခန်းတွေကို ဒီကေဘီအေ ဘက်က လာတိုက်နေတာဟာ လည်း ဒီကေဘီအေ ကိုယ်တိုင်ရဲ့သဘောထားမဟုတ်ဘဲ စစ်အစိုးရရဲ့ ဖိအားပေးမှုကြောင့် ဖြစ်တယ်ဆိုတာ ကေအဲန်ယူ ဘက်က နားလည်ထားကြောင်း အဲဒီအရာရှိက ပြောပါတယ်။ ဒီကေဘီအေ နဲ့ ကေအဲန်ယူ ဟာ ကရင်တမျိုးသားတည်းဖြစ်တာကြောင့် ဆွေးနွေးပွဲတွေ ထပ်လုပ်ဖို့ မျှော်လင့်ထားပေမယ့် ဆွေးနွေးပွဲ ပြီးပြီးချင်း သတင်း ပေါက်ကြားသွားတဲ့အတွက် နအဖ ဘက်က ဒီကေဘီအေ အပေါ် ဖိအားပေးမှုတွေ တိုးလာနေလို့ စိုးရိမ်နေရတယ်လို့လည်း အမည်မဖော်လိုတဲ့ ကေအဲန်ယူ ဗဟိုကော်မတီဝင် တဦးက ပြောပါတယ်။ • • •

စာမျက်နှာ (၅) မှ အဆက်

## ၃။ အခြေခံဥပဒေကြောင့် ပြည်တွင်းစစ် ထပ်မဖြစ်လို ဟု မွန်ပြည်သစ် ပြောကြား

“မွန်ပြည်သစ်ဟာ ဦးနုအစိုးရထံ လက်နက်အပ်လိုက်တဲ့ မွန်ပြည်သစ်တပ်ဦးရဲ့ ခေါင်းဆောင်အများကြီးထဲက လက်နက်အပ်တဲ့အထဲ မပါတဲ့ ခေါင်းဆောင်တဦးတည်းနဲ့ ပါတီကို စတင်ခဲ့တာပါ။ အခုမြင်သာတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တစုံတရာ မရေသေးသရွေ့တော့ ပါတီက လက်နက်အပ်တာတို့၊ တပ်အသွင်ပြောင်းတာတို့ကို လိုက်လျောမှာ မဟုတ်ဘူး။ လက်နက်သာ မရှိတော့ရင် ရသင့်တဲ့အခွင့်အရေးတွေအတွက် ဘယ်သူက အာမခံဦးမှာလဲ”ဟု အဆိုပါ မွန်ပြည်သစ် ဗဟိုအလုပ်မှုဆောင် ဖြစ်သူက ပြောကြားသည်။

ရွေးကောက်ပွဲမတိုင်ခင် တိုင်းရင်းသားအပစ်ရပ်အဖွဲ့တို့၏ တပ်ဖွဲ့ကို နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီး စစ်အစိုးရ တပ်မတော်လက်အောက် အတင်းအဓမ္မ အသွင်ပြောင်းနေသည့် မြန်မာစစ်အစိုးရ၏ လုပ်ရပ်နှင့် ပတ်သက် ၍လည်း ပြေလည်အောင် ညှိနှိုင်းရန်လိုသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

“နယ်ခြားစောင့်တပ်ပြောင်းဖို့ ကမ်းလှမ်းချက်က ပြေလည်အောင် အရင်ညှိနှိုင်းဆွေးနွေးနိုင်ခြင်း မရှိသေးတဲ့ အမျိုးသား အခွင့်အရေးပြဿနာတွေအတွက် တိုင်းရင်းသားတွေရဲ့ တောင်းဆိုချက်ကို လျစ်လျူရှုရာ ရောက်တယ်။ ဒါကြောင့် ကျနော်တို့က နယ်ခြားစောင့်တပ်ပြောင်းဖို့ကိစ္စကို လက်မခံတာ။ ဒါပေမယ့် ပါတီအနေနဲ့က ငြိမ်းချမ်းရေးကို အတတ်နိုင်ဆုံး ထိန်းသိမ်းသွားချင်ပါတယ်” ဟု ၎င်းက ပြောသည်။

မွန်ပြည်သစ်ပါတီသည် မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့သည်မှာ (၁၄)နှစ်ကျော် ကြာမြင့်ပြီ ဖြစ်သော်လည်း စစ်အစိုးရနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်လာခြင်း မရှိသေးပေ။ • • •

ဆောင်းပါး

# နိုင်ငံတစ်ခုအတွက် ငြိမ်းချမ်းရေးဟာ အခြေခံလိုအပ်ချက်

*ချစ်ကြည်ရေးဂျာနယ် (Vol:4, Nov 2006) မှ ပြန်လည် ထုပ်နှုတ်တင်ပြသည်*

နိုင်ငံတစ်ခုအတွက် ငြိမ်းချမ်းရေးကို ဘယ်လောက်လိုအပ်နေတယ်ဆိုတာ လူတွေမှာအမြင် မတူညီကြပါဘူး။ ဘဝချင်းမတူ၊ အသိတရားချင်း မတူညီကြတဲ့လူသာတွေထဲမှာ ဒီလိုဖြစ်ရှိနေတာ သဘာဝကျပါတယ်။ တချို့လူတွေက ငြိမ်းချမ်းရေးဆိုတဲ့ ဝါဟာရရဲ့အနက်အဓိပ္ပါယ်ကိုတောင် လေးလေးနက်နက်ပြည့်ပြည့်စုံစုံ မသိကြသေးပါဘူး။ သူတို့ မသိတာကို အပစ်တင်ဖို့မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံအရေး၊ အမျိုးသားအရေး၊ လူအဖွဲ့အစည်းအရေးကို ဦးစားပေး ကြိုးပမ်းနေကြတဲ့ လူအဖွဲ့အစည်းအသိုင်းဝိုင်းမှာတော့ ဒါကိုလေးလေးနက်နက် သိထားကြဖို့လိုပါတယ်။ တကယ်လိုတဲ့ အမြင်တွေရှိရင်လည်း ညှိနှိုင်းကြဖို့လိုအပ်မယ်လို့မြင်ပါတယ်။ အနာဂါတ်အကျိုးကို ရည်စူးပြီး ကျွန်တော့်အမြင်ကို ရိုးသား ပွင့်လင်းစွာ တင်ပြပါရစေ။

ပထမဦးစွာ ငြိမ်းချမ်းရေးဆိုတာဘာလဲ? ဆိုတာကို တိုတိုနဲ့ ဖြေရရင် **“ပူပင်သောကကြောက်လန့်မှု ကင်းပြီး အေးအေးချမ်းချမ်း နေနိုင်ခြင်းဟာ ငြိမ်းချမ်းရေး”** ပါပဲလို့ ကျွန်တော် အဓိပ္ပါယ်သတ်မှတ်ပါတယ်။ ဒီငြိမ်းချမ်းရေးကို လူတွေမှာသာမက သက်ရှိသတ္တဝါ တိရစ္ဆာန်တွေအတွက်ပါ အလိုအပ်ဆုံးအရာ ဖြစ်တယ်လို့ဆိုရင် မှားမယ် မထင်ပါဘူး။ တချို့လူတွေက စားဝတ်နေရေးဟာအလိုအပ်ဆုံး အရာလို့ဆိုကြပါတယ်။ ကျနော့်အမြင်ကတော့ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ဘယ်လောက်ပြည့်စုံကောင်းမွန်နေပေမဲ့ ဂုတ်ပေါ်ဓါးဝဲနေမယ်ဆိုရင် ဒါမှမဟုတ် မျက်ရည်နဲ့ မျက်ခွက် တစ်ရက်မပြတ် ဖြစ်နေရမယ်ဆိုရင် ဒါမှမဟုတ် အချုပ်ထောင်အကျဉ်းစခန်းမှာ နေနေရမယ်ဆိုရင် ဒီစားဝတ်နေရေးကိုငဲ့ပြီး ဘယ်သူကမှ နေနိုင်မှာမဟုတ်ပါဘူး၊ ပိုမိုအေးချမ်းဘေးကင်းတဲ့နေရာကို ထွက်သွားကြမှာပါ။ ဒါကြောင့် **ငြိမ်းချမ်းရေးဆိုတဲ့ အေးချမ်းသာယာဘေးကင်းတဲ့အခြေအနေဟာ လူသာတွေအတွက် လူတွေစုဖွဲ့နေတဲ့ နိုင်ငံတစ်ခုအတွက် အလိုအပ်ဆုံးအရာ အဓိကကျတဲ့ အခြေခံလိုအပ်ချက်ဖြစ်တယ်** လို့ ကျနော်မြင်တယ်။

ငြိမ်းချမ်းရေးရဲ့တန်ဘိုးကိုငြိမ်းချမ်းတဲ့ မြို့၊ ရွာတွေမှာ နေထိုင်ကြတဲ့လူတွေအနေနဲ့ သာမာန်အားဖြင့် မသိကြပါဘူး။ ‘ါဟာရေကို လိုသလောက် ဖေါဖေါသီသီ လွယ်လွယ်ကူကူရနေတဲ့လူတွေက ရေရဲ့တန်ဘိုးကို မသိ သလိုမျိုးပါဘဲ။ ငြိမ်းချမ်းမှုမရှိတဲ့ နိုင်ငံ၊ မြို့၊ ရွာတွေမှာ နေထိုင်ကြတဲ့လူတွေဟာ ရေ၊ မီး၊ မင်း၊ ခိုသူ၊ မချစ်မနှစ်သက်တဲ့သူ စတဲ့လူများရဲ့ သတ်ဖြတ် ညှင်းဆဲ မဒိန်းကျင့် ၊ ပစ္စည်းလု ၊ အဓမ္မခိုင်းစေ ဒုက္ခပေးနေတာတွေကို နေ့စဉ်မြင်တွေ့ခံနေရတဲ့ဘဝ ဒါတွေကနေ ကင်းလွတ်ဖို့ ပြေးလွှားပုန်းအောင်း နေနေရတဲ့ဘဝမျိုးမှာ ငြိမ်းချမ်းရေးရဲ့တန်ဘိုးကို လေးလေးနက်နက် သိရှိလာကြမှာပါ၊ ငြိမ်းချမ်းရေး မရှိတဲ့ အနေအထားမှာ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဂီတနဲ့ အနုပညာ စတာတွေသာမက တရားထိုင် ဘာဝနာပွားတဲ့ အလုပ်ကိုတောင် လုပ်လို့မရဘူးဆိုတာ ဒီဒေသက လူတွေ သိကြပါတယ်။ ဒီလိုငြိမ်းချမ်းရေးမရှိတဲ့ဒေသမျိုးမှာ လူသားတွေကလည်း မနေထိုင်လိုကြပါဘူး။ ဒါကြောင့်စစ်ပြေး ဒုက္ခသည်တွေ ကမ္ဘာ့နေရာတော်တော်များများမှာ တွေ့ရှိနေရတာဖြစ်သည်။

ကမ္ဘာမှာ နိုင်ငံတစ်ခုနဲ့တစ်ခု ဒေသ တစ်ခုနဲ့ တစ်ခု ငြိမ်းချမ်းရေးတည်ရှိပြည့်စုံမှု အတိုင်းအတာ မတူညီကြပါဘူး။ တချို့နိုင်ငံ၊ တချို့ ဒေသမှာ (၉၀%)ကျော် ရှိနေချိန်မှာ တချို့ နိုင်ငံဒေသတွေမှာတော့ (၆၀%) တချို့ဒေသမှာ (၃၀)လောက်သာ ရှိကြပါတယ်။ ဒီလိုခြားနားနေတဲ့ အနေအထားမှာ ငြိမ်းချမ်းရေးဆိုတဲ့ အခြေခံကောင်းရှိမှ တည်ဆောက် လုပ်ဆောင်လို့ရနိုင်တဲ့ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု စတာတွေကိုလည်း ငြိမ်းချမ်းရေးပြည့်စုံမှု အတိုင်းအတာ များလေလေ တိုးတက်အားကောင်းလေဆိုတာ နိုင်ငံရေးအသိရှိသူတိုင်း သိမြင်ကြပါတယ်။ ပြီးတော့ လူတိုင်းလူတိုင်းဟာ ပိုမိုပြည့်စုံကောင်းမွန်ပြီး အေးချမ်းသာယာတဲ့ဘဝကို တည်ဆောက်ချင်ကြတာချည်းပဲ။ ဒီလို ဖွံ့ဖြိုးတိုးတက်တဲ့လူ့ဘောင်ကို တည်ဆောက်နိုင်ဖို့အတွက် မိမိတို့ရပ်တည်နေထိုင်တဲ့ နိုင်ငံ၊ ဒေသနှင့် လူ့အသိုင်းဝိုင်းမှာ ငြိမ်းချမ်းရေးတည်ရှိမှုအတိုင်းအတာ ပိုမိုတိုးတက်ကောင်းမွန်လာအောင် နည်းလမ်းရှာ တည်ဆောက်ကြရပါမှာ ဖြစ်ပါတယ်၊

> **ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေမရှိတဲ့ အာဏာရှင်တွေ ကြီးစိုးတဲ့နိုင်ငံတွေမှာ ပြည်သူတွေ ဟာ အာဏာပိုင်တွေကို ကြောက်လန့်နေရတယ်။ အာဏာရှိသူတွေရဲ့ ညှင်းပမ်းဖိနှိပ် အနိုင်ကျင့်မှု အမျိုးမျိုးကို ခံကြရသည်။**

We Shall Achieve Victory Through Alliance!

ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ အစိုးရတိုင်း၊ နိုင်ငံရေးအဖွဲ့စည်းတိုင်းကလိုလာပြီး သူ့အမြင်သူ့ရှုထောင့်ကနေ သူ့နည်းသူ့ဟန်နဲ့ တည်ဆောက်နေကြတာ ဖြစ်ပါတယ်။ အမြင်ရှုထောင့် မတူကြရင် အကောင်ထည်ဖော်မှု ဆိုတာလည်း ကွဲပြားနေကြတာ မဆန်းပါဘူး။ ဒီတော့ အမြင်ကို အရင်ညှိနိုင်းရာမှာ ငြိမ်းချမ်းရေး ဆိုတဲ့ဝေါဟာရရဲ့ အဓိပ္ပါယ်ဖွင့်ဆိုတဲ့နေရာကစပြီး ညှိရမယ်။ ဒီလို အဓိပ္ပါယ်ဖွင့်ဆိုရာမှာ ခေတ်နဲ့လျော်ညီပြီး၊ ပြီးပြည့်စုံဖို့လည်း လို အပ်ပါလိမ့်မယ်။ တချို့ကပြင်ပလုံခြုံရေးကို ဇောင်းပေးပြီး အဓိပ္ပါယ် ဖွင့်ကြတော့ အပြင်ကလာတဲ့ရန်သူ ကာကွယ်ဖို့ **"ကာကွယ်ရေး"** လုပ်ငန်းကို အဓိက ထားကြတယ်။ ဒီတော့ အပြင်က လာမဲ့ ဘေးအန္တရာယ် သက်သာစေပေမဲ့ သွားရေးလာရေး၊ ပြင်ပနဲ့ ဆက်သွယ်ရေးမှာ ခက်ခဲစေတယ်။ ခုခေတ်မှာတော့ စစ်တပ်၊ ပုလိပ်တပ်၊ ထောက်လှမ်းရေးတွေကို အခိုင်မာဦးစားပေး တည်ဆောက်ပြန်တယ်။ ပြီးတော့ ပြည်သူတွေရဲ့လွတ်လပ်ခွင့်ကို ကန့်သတ်တဲ့ဥပဒေတွေ အမျိုးမျိုးကို ထုတ်လာတယ်။ ဒီအခါမျိုးမှာ များပြားလာတဲ့ စစ်တပ်၊ ပုလိပ် ၊ ထောက်လှမ်းရေးတွေနဲ့ ဥပဒေတွေက ပြည်သူတွေရဲ့ လွတ်လပ်ခွင့်ကို ဖျက်ဆီးလာပြန်တယ်။ ဒီမိုကရေစီနဲ့ လူအခွင့်အရေးတွေ မရှိတဲ့အာဏာရှင်တွေ ကြီးစိုးနေတဲ့ နိုင်ငံတွေမှာ ပြည်သူတွေဟာ အာဏာပိုင်တွေကို ကြောက်လန့်နေရတယ်။ အာဏာရှိသူတွေရဲ့ ညှင်းပမ်းဖိနှိပ် အနိုင်ကျင့်မှု အမျိုးမျိုးကို ခံကြရတယ်။

ဒီလိုပူပင်သောကကြောက်လန့်မှုတွေ ဖြစ်နေရင်တော့ အေးချမ်းသာယာမှုတွေ ပျောက်ဆုံးပြီး ငြိမ်းချမ်းရေး ဟာလည်း ပျက်ပြားသွားရတယ်။ ဒါဟာလုံခြုံရေးကို ဇောင်းပေးလွန်းတဲ့ အမြင်ရဲ့အားနည်းချက်ကို ထောက်ပြတာပါ။ ဟစ်တလာ လက်ထက် ဂျာမဏီနိုင်ငံမှာ အစိုးရကို ဝေဖန်တာမျိုး လုံးဝ လုပ်ခွင့်မရှိဘူး။ ဆန္ဒပြသပိတ်မှောက်ခြင်းဟာ မဟာရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပါတယ်။ ရန်သူ့သူလျှို နိုင်ငံတော် သစ္စာဖေါက်မှုနဲ့ တန်းတူကြီးမားတဲ့အပြစ်ကို ပေးတယ်။ ပြည်သူလူထု အများစုကြီးက အုပ်စိုးသူတွေကို အမြဲကြောက်ရွံ့နေမယ်ဆိုရင် ဒါမျိုးကို ငြိမ်းချမ်းပါတယ် လို့ လက်ခံလို့မရတော့ဘူး။

ငြိမ်းချမ်းရေးဆိုတာ **"ပူပင်သောက ကြောက်လန့်မှု ကင်းပြီး အေးအေးချမ်းချမ်း နေထိုင်နိုင်ခြင်း"**ကို အဓိပ္ပါယ်ဖွင့်ထားတာကြောင့် အပြင်ရန်ရော အတွင်းရန်ပါ ကင်းဖို့ လုံခြုံမှုကတော့ အရေးကြီးတဲ့အချက် ဖြစ်ပါတယ် အတွင်းရန် ကင်းဖို့ဆိုတာက ပြည်သူလူထုရဲ့လွတ်လပ်ခွင့်ကို တန်ဖိုးထားတဲ့ အစိုးရဖြစ်ဖို့လိုတယ်။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားပြီး ပြည်သူလူထုမကြိုက်တဲ့အခါ ဖယ်ရှားလို့ရနိုင်တဲ့အစိုးရဖြစ်ဖို့ လိုပါတယ်။ အရှင်းဆုံး ပြောရရင် ဒီမိုကရေးစီစနစ်ကို ကျင့်သုံးတဲ့ အစိုးရ ဖြစ်ဖို့ လိုတယ်။

နောက်ပြီး ပူပင်သောက ကြောက်လန့်မှုကင်းပြီး အေးအေးချမ်းချမ်း နေထိုင်နိုင်ဖို့ဆိုရာမှာ ပြည်သူလူထုအတွက် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ အခြေခံ လိုအပ်ချက်တွေ ပြည့်စုံဖို့လည်း လိုအပ်ပါတယ်။ ဒါတွေ နိုင်ငံသားတိုင်းအတွက် ဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရဟာ ပြည်သူတွေဆီက အကောက်အခွန်ယူ၊ နိုင်ငံရဲ့ သဘာဝ သယံဇာတတွေကို ထိန်းချုပ်ပြီး စီမံကွပ်ကဲ လုပ်ဆောင်ရတာ ဖြစ်တယ်။ တစ်ဖက်က လူတန်းစားကွာဟမှု မကြီးမားအောင်လည်း ထိန်းရ၊ ပြည်သူတွေ အချင်းချင်း ဖိနှိပ်မှု၊ သွေးစုတ်မှုမရှိအောင်လည်း ထိန်းသိမ်းပေးဖို့ တာဝန် ရှိပါတယ်။ ပြည်သူတွေအထဲမှာ တချို့ကချမ်းသာပြီး တချို့ကဆင်းရဲငတ်ပြတ်နေရင် လုယက်သတ်ဖြတ်မှုတွေဖြစ်ပြီး ငြိမ်းချမ်းနိုင်မှာ မဟုတ်ဘူး။ ပြည်သူတွေအချင်းချင်းထဲမှာ ဖိနှိပ်သွေးစုတ်မှု များပြားနေမယ်ဆိုရင်လည်း ပဋိပက္ခတွေ များပြီး ငြိမ်းချမ်းနိုင်မှာ မဟုတ်ဘူး။ ဒါကိုကာကွယ်ဖို့ မှန်ကန်တဲ့ တရားဥပဒေစိုးမိုးရေးဆိုတာလည်း ရှိဖို့လိုပါတယ်။ အချုပ်အားဖြင့် နိုင်ငံအတွင်းမှာရှိနေကြတဲ့ လူမျိုးစုံပြည်သူအားလုံး ကိုယ်၏ချမ်းသာ၊ စိတ်၏ချမ်းသာခြင်းတွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာရဲ့ အခြေခံသဘောထားအမြင်ကို ဒီလောက်နဲ့ရပ်ထားပြီး ငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့ ဘယ်လောက် တည်ဆောက်ကြမယ် ဆိုတဲ့အပိုင်းကို ပြောကြရအောင်။ ကျနော့ အမြင်ကိုပြောရရင် **ငြိမ်းချမ်းရေးရဲ့ အခြေခံဟာ ညီညွတ်ရေး ဖြစ်တယ်။ ညီညွတ်ရေးရဲ့အခြေခံဟာ ချစ်ကြည်ရေး ဖြစ်တယ်။ ချစ်ကြည်ရေးရဲ့အခြေခံဟာ သာတူညီမျှရေး (တန်းတူရေး)နဲ့ တရားမျှတရေးဖြစ်တယ်။** တန်းတူရေးနဲ့ တရားမျှတရေးကို လက်တွေ့ဖေါ်ဆောင်တဲ့ နေရာမှာ နိုင်ငံသား ဆိုတဲ့ယူနစ် တစ်ခုနဲ့မတိုင်းထွာဘဲ၊ မတူညီတဲ့လူမျိုး၊ မတူညီတဲ့ ကိုးကွယ်မှု ဘာသာတွေအပေါ်မှာ လွှမ်းမိုးဖိနှိပ်ဝါးမျိုတာ အခွင့်ထူးခံယူတာတွေ မရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် လူမျိုးရေးအရ ဘာသာရေးအရ မတူညီတဲ့ လူ့အဖွဲ့စည်းတွေ အကြားမှာ အမုန်းတရားတွေ ပျောက်ပြီး ညီအစ်ကိုတွေလို ညီညွတ်ချစ်ခင်ကြဖို့ အစွန်းထွက်နေတဲ့ လုံခြုံရေးအမြင်တွေကို ပြန်လည် သုံးသပ်ပြုပြင်ဖို့ လိုပါတယ်၊

**ကျနော်တို့နိုင်ငံမှာ ထက်မြက်တက်ကြွတဲ့ လူသားအရင်းအမြစ်တွေ ရှိတယ်။ တန်ဖိုးကြီးမားတဲ့ သဘာဝ သယံဇာတတွေ ရှိတယ်။ ကောင်းမွန်မျှတတဲ့ ရာသီဥတုတွေ ရှိတယ်။ ဧရိယာ အကျယ် . . . .**

အန်တုမှုတွေ ပေါ်လာမှာဘဲ။ တော်လှန် အန်တုလို့မှ စိတ်မချရရင် ဆက်စပ်နေမှုကို ဖြတ်တောက်ပြီး ခွဲထွက်လိုတဲ့အမြင်တွေပေါ်လာမှာဘဲ။ ဒါက ဓမ္မတာပါ။ အကျိုးတရားပေါ် အဆိုးမမြင်ပါနဲ့။ အကြောင်းတရားကို စီစစ်ဖေါ်ထုတ်ပြင်ဆင်းပေးနိုင်ဖို့က အဓိကပါ။

ဒီနေ့ ခေတ်ကာလဟာ နိုင်ငံတကာ ခေတ်ကမ္ဘာတခွင်လုံး ဆက်စပ်နေတဲ့ ဂလိုဗယ်လိုက်ဇေးရှင်း (Globalization) ခေတ်ဖြစ်တယ်။ မိမိလူမျိုး မိမိကိုးကွယ်တဲ့ဘာသာလောက်ကိုပဲ သိတတ်နားလည်ဇောင်းပေးပြီး လုပ်ဆောင်နေလို့ မရတော့ဘူး။ အများကိုယှဉ်ပြီးရင် ဘောင်တန်းချီတက်နိုင်ဖို့ မိမိစည်းဝိုင်းထဲကလူ တွေအချင်းချင်း စည်းလုံးညီညွတ်ကြဖို့ လိုတယ်။ တိုးတက်တဲ့ နိုင်ငံကြီးသားတွေနိုင်ငံကြီးခေါင်းဆောင်တွေက ကမ္ဘာတခွင်လုံး ငြိမ်းချမ်းရေး၊ ကမ္ဘာတခွင်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာတခွင်လုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး စတာ တွေကို ကြိုးပမ်းလုပ်ဆောင်နေတဲ့ကာလမှာ ကျတော်တို့ဟာ ကျတော်တို့ရဲ့နိုင်ငံစည်းဝိုင်းအတွင်းက စည်းလုံးညီညွတ်ကြဖို့ လိုပါတယ်။ စည်းလုံးညီညွတ်စေဖို့ လက်တွေ့အကောင်အထည် ဖေါ်ရာမှာ လူ့အဖွဲ့စည်းတွေထဲမှာ လွတ်လပ်ရေး၊ တရားမျှတရေး၊ အမြင်သဘောထားတွေကို များများသွတ်သွင်းပြီး အာဏာရှိသူတွေက ပီပီပြင်ပြင် လက်တွေ့ပြသပေးဖို့ လိုအပ်နေပါတယ်။

ကျနော်တို့နိုင်ငံမှာ ထက်မြတ်တက်ကြွတဲ့ လူသားအရင်းအမြစ်တွေ ရှိတယ်။ တန်ဘိုးကြီးမားတဲ့ သဘာဝ သယံဇာတတွေ ရှိတယ်။ ကောင်းမွန်မျှတတဲ့ ရာသီဥတုတွေရှိတယ်။ ဧရိယာအကျယ်အဝန်းနဲ့ သင့်တော်တဲ့ လူဦးရေလည်း ရှိတယ်။ လမ်းပန်း ဆက်သွယ်ရေး လွယ်ကူကောင်းမွန်တဲ့နေရာလည်း ဖြစ်တယ်။ စင်္ကာပူနိုင်ငံကတော့ ဒီအချက်တွေနဲ့ (၃)ချက်ပဲ ပြည့်စုံပေမဲ့ တိုးတက် ခေတ်မီအောင် ကာလတိုအတွင်း လုပ်ဆောင်နိုင်တာ တွေ့ရတယ်။ အချက်(၅)ချက် စလုံးနဲ့ ပြည့်စုံတဲ့ ကျတော်တို့နိုင်ငံမှာ လမ်းစဉ် ပေါ်လစီမှန်ရင် စင်္ကာပူနိုင်ငံထက် မြန်အောင် တည်ဆောက်နိုင်မှာ အမှန်ပါ။

**ငြိမ်းချမ်းရေးဆိုတာကို ငြိမ်းချမ်းတဲ့နည်းနဲ့ပဲ တည်ဆောက်ယူလို့ ရနိုင်မှာပါ။ လူချင်းအတူတူ တခြားလူတွေကို နွားလို့သဘောထားပြီး နဖါးထိုး တုတ်နဲ့ထိုး ကိုယ်ဖြစ်စေချင်သလို အဓမ္မပုံစံသွင်းလို့မရဘူး။** အနှစ် (၆၀)နီးပါး ပျက်ပြား လာနေတဲ့ ငြိမ်းချမ်းရေးကိုတည်ဆောက်ရာမှာ စိတ်ရှည်ဖို့၊ သဘောထားကြီးဖို့၊ သဘောထားမှန်ဖို့၊ ခွင့်လွှတ်တတ်ဖို့ ၊ အာဃာတတရား၊ မာန်မာနတရားတွေလျှော့ဖို့၊ သင်ပုံးချေကြဖို့ လိုပါတယ်။ အနာဂါတ်အရေးကို ဦးစားပေးပြီး အဖြေရှာကြဖို့ လိုပါတယ်။

ချုပ်ပြီးပြောရရင် နိုင်ငံတစ်ခုအတွက် အေးချမ်းသာယာ၊ ရိက္ခါဖူလုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စတာတွေ အတွက် ငြိမ်ချမ်းရေးဟာ အခြေခံလိုအပ်ချက် ဖြစ်တယ်။ ဒါကိုတည်ဆောက်နိုင်ဖို့အတွက် နိုင်ငံခေါင်းဆောင်များ နိုင်ငံရေးအဖွဲ့အစည်းများပုဂ္ဂိုလ်များ၊ နိုင်ငံဝန်ထမ်းများ နိုင်ငံသားများအပါအဝင် ကျနော်တို့အားလုံးမှာ တာဝန် ရှိပါတယ်။ ကျတော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကို ကျနော်တို့ကပဲ တည်ဆောက်ကြရမယ်။ ရတနာသိုက်ပေါ်မှာထိုင်ပြီး အချင်းချင်း သတ်ဖြတ်နေကြလို့ ဘယ်သူအတွက်မှ အကျိုး မရှိပါဘူး။ ရတနာဆိုတာ တန်ဘိုးကြီးတယ်။ စေတနာမှန်သူတွေနဲ့သာ ထိုက်တန်တယ်။ နိုင်ငံဆိုတာလည်း ရတနာပါဘဲ။ စေတနာမမှန်ရင် ဦးဆောင်လို့မရဘူး။ အချင်းချင်းသတ်ဖြတ်နေကြတာကို အမြန်ရပ်ဖို့လိုပြီ။ ဒီနေ့အခြေအနေ တောင်းဆိုနေတာဟာ ငြိမ်းချမ်းရေးဖြစ်တယ်။ စစ်မှန်ပြီး ရေရှည်တည်တံ့မဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ပေးနိုင်တဲ့သူတွေဟာ နိုင်ငံရဲ့တကယ့်ခေါင်းဆောင်၊ ပြည်သူတွေ လေးစားပြီး၊ သမိုင်းတင်ကျန်ရစ်မဲ့ ခေါင်းဆောင်တွေ ဖြစ်လာပါလိမ့်မယ်။ ဒီတာဝန်ကိုယူနိုင်သူများ၊ ယူသင့်သူများ ဝင်ယူကြ။ အေးချမ်းသာယာပြီး တိုးတက်တဲ့နိုင်ငံသားများ ဘဝနဲ့နေလိုသူများ အားပေးထောက်ခံအားဖြည့်ကြ။ ဒီနေ့ဦးစားပေးလုပ်ဆောင်ရမှာက ငြိမ်းချမ်းရေးဟာ အဓိကပါ။ ● ● ●

စိုင်းဆေဟာန်

We Shall Achieve Victory Through Alliance!

ကဗျာ

# လူနှင့် တော်လှန်ရေး

*(၁၉၈၉၊ မဒတ ဂျာနယ် အမှတ်(၅)မှ တင်ပြသည်။)*

➢ ငါတို့သည်
သည်မြေမှာမွေးဖွား၊ လူသားတွေထဲကလူ
လူတွေထဲကလူသား၊ ခြားနားမရှိ
လူသားစစ်စစ်ဖြစ်ပေး။ ။

➢ လူသားဟူသည်
နွားကဲ့သို့လည်း နဖါးထိုးမခံ
ခွေးကဲ့သို့လည်း အကြွင်းအကျန်မစား
ဝက်ကဲ့သို့လည်း အလှောင်အတားမနေ
သူ့အားသူ့မာန်
သူ့အသိဉာဏ်ပကာဖြင့်
သူ့ဘဝ–သူ့အလှ–ဖန်ဆင်းတတ်ကြသည်ချည်းလေ။ ။

➢ သို့တစေ –
အာဏာရှင်တွေရဲ့အောက်၊ ဒူးထောက်ခစား
နွားကဲ့သို့လည်း နဖါးထိုးခံ
ခွေးကဲ့သို့လည်း အကြွင်းအကျန်စား
ဝက်ကဲ့သို့လည်းအလှောင်အတားနဲ့နေ
သေရင်တောင်မလှတဲ့အဖြစ်
ငါတို့စင်စစ် – လူအဖြစ်ရှုံးနေကြပြီးဘဲ။ ။

➢ ဒီတော့ –
လူအဖြစ်မွေးလာ၊ လူ့ဘဝမှာ
လူကလူကို၊ လူလိုမြင်ပြီး
လူ့စည်းလူ့ကမ်း၊ လူထုံးတမ်းနဲ့
လူလမ်းလူဖေါက်၊ လူတွေလျှောက်ကြ
လူတိုင်းလူတိုင်း၊ သူ့သမိုင်းနဲ့
လူ့အတိုင်းအတာအပြည့်၊ လူတန့်စေ့စေ့
"လူ" ဟော့လို့ ဟစ်ကြွေးရအောင်
တော်လှန်သည့်လမ်းကြောင်း၊ စစ်မောင်းသံရိုက်ခတ်
တော်လှန်မြေအရပ်ဆီမှ၊ ဒို့လူသားတွေရဲ့ဘဝ
ဖြစ်ထွန်းတည်ရအောင်၊ တပြေးညီတဲ့လူ့ဘောင်ကို
ယှဉ်အချိန်ကစ တော်လှန်ထူထောင်ကြပါစို့ —။

**(တင်မင်းသိမ်း)**



We Shall Achieve Victory Through Alliance!

# အင်တာဗျူး

## ကိုးကန့်အရေးနဲ့ စစ်အစိုးရလှည့်ကွက်

*စက်တင်ဘာ (၀၆)ရက်၊ ၂၀၀၉ ခုနှစ်။*

မကြာသေးခင်ကပဲ စစ်အစိုးရတပ်များရဲ့ ချေမှုန်းခြင်းကို ခံလိုက်ရတဲ့ ဖုန်ကြားရှင် ဦးဆောင်တဲ့ MMDA (Myanmar National Democratic Alliance Army) ကိုကန့်တပ်ဖွဲ့တွေဟာ အနီးအနားမှာရှိတဲ့ တခြားအပစ်ရပ်တွေဖြစ်တဲ့ UWSA (United Wa State Army) "ဝ"တပ်ဖွဲ့၊ မုန်လာတပ်ဖွဲ့၊ SSA(Shan State Army) သျှမ်းပြည်တပ်မတော်(မြောက်ပိုင်း) စတဲ့အဖွဲ့တွေနဲ့ PDF (Peace and Democracy Front) လို့ခေါ်တဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းထားခဲ့ပါတယ်။ မဟာမိတ်သဘောတူညီချက်အရ အဖွဲ့တဖွဲ့ကို ပြည်ပကရန်သူက ထိပါးလာရင် ကျန်တဲ့အဖွဲ့တွေက ဝိုင်းပြီးကာကွယ်ပေးရမယ် ဆိုပေမယ့် အခုလောလောဆယ် အချိန်အထိတော့ ဖုန်ကြားရှင်နဲ့ တပ်ဖွဲ့တချို့ကို UWSA "ဝ" နယ်မြေထဲမှာ ခိုလှုံခွင့် ပေးထားတာကလွဲလို့ တခြားတစုံတရာ ထိရောက်တဲ့ ကူညီရိုင်းပင်းမှုကို မတွေ့ရသေးဘူး။မြန်မာပြည်အရှေ့ တောင်ပိုင်းထိုင်းနယ်စပ်ဘက်မှာ ဖွဲ့စည်းထားတဲ့ NDF ( National Democratic Front) လို့ ခေါ်တဲ့ လက်နက် ကိုင်တိုင်းရင်းသားတွေရဲ့ အမျိုးသားဒီမိုကရက်တစ်တပ်ဦး မဟာမိတ်အဖွဲ့ရဲ့ အတွင်းရေးမှူးဟောင်းဖြစ်ပြီး အခု လက်ရှိစစ်ရေးတာဝန်ခံတဦးဖြစ်တဲ့ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO- PaO People's Liberation Organization) ခေါင်းဆောင် ဗိုလ်မှူးကြီး ခွန်ဥက္ကာကို ဗွီအိုအေမြန်မာသတင်းဌာနမှူး ဦးသန်းလွင်ထွန်းက ဆက်သွယ်မေးမြန်း တင်ပြထားပါတယ်။



**ဗိုလ်မှူးခွန်ဥက္ကာ။** ။ ပထမအချက်အနေနဲ့တော့ မြောက်ပိုင်းမှာရှိတဲ့ အပစ်ရပ်အဖွဲ့တွေ ဖွဲ့ထားတဲ့ လုံခြုံရေး၊ စစ်ရေး မဟာမိတ် သဘောကတော့ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာရင် စုပေါင်းခုခံကာကွယ်ဖို့ဖြစ်တယ်၊ အခြေခံ အဖြစ်တော့ နိုင်ငံရေးအခြေခံနဲ့ဖြစ်ပါတယ်။ သို့သော် နအဖ တကယ်ကျူးကျော်တဲ့အခါကျတော့ စစ်ရေးသော်လည်းကောင်း၊ နိုင်ငံရေးသော်လည်းကောင်း မပြောဘဲနဲ့ ရာဇဝတ်ကြောင်းရဲ့ အရေးယူပိုင်းတဲ့ပြစ်မှုတွေရှိတယ်။ ဒါကြောင့် ရာဇဝတ်ကြောင်း၊ တရားဥပဒေကြောင်းနဲ့ ပြပြီးတော့ ရဲရဲ့ လုပ်နည်း လုပ်ထုံးအရ ဝင်လာပြီးတော့ အဲဒီအပေါ်မှာ တပ်ပေါင်းစု ကလည်း ခုခံကာကွယ်ဖို့ ဥပဒေကို လေးစားလိုက်နာမယ်ဆိုရင် ဒါကလုပ်လို့မရတော့ဘူး သဘောမျိုး ဖြစ်လာတဲ့အခါ ကျတော့ အခွင့်ကောင်းယူပြီးတော့နအဖ ဝင်ရောက်လာတာဖြစ်တယ်လို့ ကျနော် သုံးသပ်တယ်။

**ဦးသန်းလွင်ထွန်း။** ။ ဒါပေမယ့်လည်း ဒီအထဲမှာ ဥပမာအားဖြင့် တဘက်နဲ့တဘက် အရင်စပစ်ခတ်မှုတွေ မလုပ်ဘူး ဆိုတဲ့ သဘောတူညီချက်တွေ တချို့ရှိတာမို့လည်း သေချာသတ်မှတ်ထားတဲ့ မရှင်းလင်းတဲ့အချက်တွေရှိတာကြောင့် လည်း "ဝ" တပ်ဖွဲ့တွေအနေနဲ့ ကူညီနိုင်မှုမရှိတာလို့ ကြားသိရတယ်။ အဲဒါနဲ့ ပတ်သက်လို့ ပြောပြပေးပါ။

**ဗိုလ်မှူးခွန်ဥက္ကာ။** ။ အဲဒါလည်း မှန်ပါတယ်။ နအဖက ဝင်လာပြီးတော့ စစ်ရေးအရ ကျူးကျော်တယ်၊ စစ်ရေးအရ တိုက်ခိုက်တယ်ဆိုရင်တော့ ချက်ချင်းခုခံကြမှာပဲ၊ သို့သော် အခုဝင်လာတာက စစ်ရေးမပါဘူး၊ ရဲတွေက ရာဇဝတ် ကြောင်းအရ စစ်ဆေးမယ်၊ ရဲတွေကနေပြီးတော့ သမ္မာန်စာထုတ်ပြီးတော့ တရားခံလို့ယူဆတဲ့လူတွေကို ဆင့်ခေါ်မယ်။ အဲဒီပုံစံနဲ့ ဝင်လာတဲ့အခါကျတော့ ဒီအလှည့်အပြောင်းတခုကို မြောက်ပိုင်းငြိမ်းချမ်းရေးအဖွဲ့က နားမလည်တဲ့အခါ ကျတော့ ဒါကိုလှည့်ကွက် လုပ်ပြီးတော့ နအဖက အင်အားကို သုံးလာတာဖြစ်တယ်။ အဲဒီအပေါ်မှာ သူမပစ်ရင် ကိုယ်ကစမပစ်ဘူးလို့ပြောပေမယ့် ရဲလုပ်ပိုင်ခွင့်အရ ဝင်ပြီးနယ်မြေသိမ်းပိုက်ပြီးတော့ အင်အားသုံးတဲ့အခါကျတော့ အဲဒီမှာ သူတို့ရှုံးတာလို့ ကျနော်တို့ အကဲခတ်နိုင်တယ်။

**ဦးသန်းလွင်ထွန်း။** ။ ဒီနေရာမှာ ရဲလို့ဆိုပေမယ့်လည်း တချို့အကဲခတ်တွေရဲ့ အဆိုရကတော့ ဒီနယ်မြေထဲမှာ မူလအစက မြန်မာနိုင်ငံက ရဲတပ်ဖွဲ့ဝင်တွေ ဒီလောက်အထိမရှိခဲ့ဘူးလို့ဆိုပါတယ်။ အထူးသဖြင့် ဖုန်ကြားရှင် ရဲ့နေအိမ်ကို ဝင်စီးတဲ့နေရာမှာ

We Shall Achieve Victory Through Alliance!

မြန်မာစစ်တပ်က စစ်သားတွေကို ရဲအသွင်ပြောင်းပြီး ရဲယူနီဖောင်းဝတ်ပြီးတော့ ဝင်စီးခိုင်းတယ်လို့ စွပ်စွဲမှုတွေ ရှိနေပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဦးခွန် ဥက္ကာ တို့ ဘာကြားသလဲ။

**ဗိုလ်မှူးကြီး ခွန်ဥက္ကာ။** ။ ဟုတ်ကဲ့ အဲဒါတော့ ကျနော်လည်း သိပါတယ်။ ကြားလည်းကြားပါတယ်။ နအဖက တကယ့်ရည်မှန်းချက်အစစ်ကတော့ နယ်မြေထိန်းချုပ်ဖို့၊ လက်နက်အင်အားသုံးပြီးတော့ ဝင်ဖို့ပါ။ ဒါပေမဲ့ အဲဒါကို အပေါ်ယံဖုံးတဲ့ အနေနဲ့ရာဇဝတ်ကြောင်းဖြစ်တယ်၊ ဥပဒေကြောင်း ဖြစ်တယ်ဆိုတဲ့ဟာ၊ ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူတဲ့ သဘောမျိုးပေါ့။ ဒါ လူ့အခွင့်အရေး မဟုတ်ဘူး၊ ရာဇဝတ်မှု ဖြစ်တယ်၊ ဥပဒေကိစ္စဖြစ်တယ်ဆိုတဲ့ ဖုံးကွယ်ပြီးတော့ ကိုးကန့်ကို ဝင်တာဖြစ်တယ်။ ဒါကြောင့် ဒီလိုဖုံးကွယ်ဝင်တဲ့နေရာမှာ အလိမ်အလှည့်ကို ခံရပြီးတော့ ဒီမြောက်ပိုင်း အင်အားစုတွေက နည်းနည်းအခက်အခဲဖြစ်သွားခဲ့တယ်။ တဘက်ကလည်း တရုတ်ပြည်က နယ်စပ် ကပ်နေတော့ တရုတ်ပြည်ရဲ့ အကြံပေးချက်တွေ၊ ရှင်းရှင်းပြောရင်တော့ လွှမ်းမိုးမှုတွေကိုလည်း အဲဒီက အဖွဲ့အစည်းတွေက နာခံရယ်ဖြစ်တော့ ဘယလိုပဲ လှည့်လှည့် တို့ကိုမထိရင် မခံဘူးဆိုပြီး ဗိုင်းတိုက်ကြမယ်လို့ ပြောရင်လည်း တရုတ်ပြည်ကတော့ ဆူဆူပူပူ မလုပ်ကြပါနဲ့ ကချင်လည်းနေပါ၊ ကိုးကန့်ပြဿနာကတော့ ကျနော်တို့ ကြားထဲမှာ ကြည့်ရှင်းပေးမယ် ဆိုပြီးတော့ တရုတ်ကိုယ်တိုင်ဝင် ဟန့်ထားလို့ရှိရင်တော့ ဒီမဟာမိတ်တွေ ကတိကဝတ်နဲ့ ကူညီရမယ့် ကိစ္စမှာနည်းနည်းတော့ အဟန့်အတားဖြစ်သွားနိုင်လို့ ကျနော်သုံးသပ်ပါတယ်။

**ဦးသန်းလွင်ထွန်း။** ။ အစပိုင်းမှာ စွပ်စွဲချက်က ဦးဖုန်ကြားရှင်ရဲ့ နေအိမ်အတွင်းမှာ လက်နက်စက်ရုံရှိတယ်။ လက်နက်တွေထုတ်လုပ်နေတယ်၊ တရားဝင်လက်နက်တွေ သိုလှောင်ထားတယ်ဆိုပြီးတော့ စွပ်စွဲထားတာရှိတယ်။ ဒါပေမဲ့လည်း တကယ်တမ်းကျတော့ ဒီကိုးကန့်အဖွဲ့ကိုယ်တိုင်ကလည်းလက်နက်ကိုင်အဖွဲ့အစည်းတခု အနေနဲ့ သူရဲ့ရှိနေတဲ့ လက်နက်တွေကိုပြုပြင်ဖို့ မွမ်းမံဖို့ထုတ်လုပ်ဖို့ အထူးသဖြင့် စက်ရုံတွေ ပြုပြင်မွမ်းမံရေးလုပ်ငန်းတွေ ထားပိုင်းခွင့်မရှိဘူးလား။

**ဗိုလ်မှူးခွန်ဥက္ကာ။** ။ တကယ်တော့ ဒီကိစ္စတွေ ဒီလိုဖြစ်တယ်ဆိုတာ နအဖ သိပြီးသားပါ။ သူတို့အနှစ် (၂၀) လုံးလုံး ငြိမ်းချမ်းရေး ပထမဦး ဆုံးရတဲ့ အဖွဲ့အနေနဲ့ ဦးစားပေးပြီးတော့ လုပ်ချင်တာလုပ် နေချင်သလိုနေ ထားပြီးသားပါ။ သို့သော် အခုလက်ရှိ အခြေအနေကျမှ တစုံတတရာ ၂၀၁၀ ရွေးကောက်ပွဲကို ကာတဲ့အနေနဲ့ ဒီလိုမနာခံတဲ့ အမိန့်မနာခံတဲ့ အပစ်ရပ်တွေကို ဆုံးမမယ့်အပြင် ဦးဖုန်ကြားရှင် အဖွဲ့ကတော့ တစ်၊ ကိုးကန့်ဆိုတဲ့ နယ်မြေအရ လူမျိုးစုက တရုတ်မျိုးစုတွေ ဖြစ်တော့ အမျိုးသားရေးရှုထောင့်ကနေ ကြည့်ရင် အပျော့ ဆုံးဖြစ်တယ်။ အင်အားဘက်က ကြည့်ရင်လည်း အပျော့ဆုံးဖြစ်တယ်။ ၊ကြောင့် အပျော့ဆုံးနေရာကို အရင်နှိုက်တဲ့ သဘောမျိုးနဲ့ နအဖက ထိုးစစ်ဆင်တယ်လို့ ကျနော်ပြောနိုင်တယ်။

**ဦးသန်းလွင်ထွန်း။** ။ ဟုတ်ကဲ့ အခုနောက်ဆုံး ဒီဗမာသတင်းစားတွေရဲ့ ပြောကြားချက်အရဆိုရင် အစောပိုင်းကတော့ ဒါတရားမဝင် လက်နက်စက်ရုံ ရှိတယ်ဆိုပြီးတော့ စွပ်စွဲထားတာမျိုးပဲ ကျနောတို့ကြားရတယ်။ ဒါပေမဲ့ အခုတဆင့် တတ်လာတာက ဦးဖုန်ကြားရှင်က မူးယစ်ဆေးဝါးလုပ်ငန်းတွေ ပတ်သက်နေပါတယ် ဆိုပြီးတော့ အခုပထမဦးဆုံး ထူးထူးခြားခြားပြန်ပြီးစွပ်စွဲလာတာကို တွေ့ရတယ်။ တကယ်တမ်းကျတော့ ဦးဖုန်ကြားရှင်ဟာ ပြင်ပနိုင်ငံရေး လေ့လာသူတွေနဲ့ ပြင်ပ စောင့်ကြည့်နေသူတွေရဲ့ သိရှိထားတာက သူက မူးယစ်ဆေးဝါးမှာ ပတ်သက်နေတယ်ဆိုပြီး နယူးယော့ (New York) တရားရုံးက သူကိုဆင့်ခေါ်ထားခြင်းခံနေရသူ တဦးဖြစ်တယ်။ ဒါပေမဲ့လည်း အဲဒါကို တချိန်လုံး မြန်မာစစ်အစိုးရက ငြင်းပယ်နေခဲ့ပြီး အထူးသဖြင့် ၂၀၀၅ ခုနှစ်ကဦးဖုန်ကြားရှင်နဲ့ ပေါင်းပြီးတော့ ဒီကိုးကန့်နယ်မြေမှာ ပထမဦးဆုံး မူးယစ်ဆေး လွတ်တဲ့ နယ်မြေအဖြစ် တရားဝင်ကြေညာထားခဲ့ပြီးမှ အခုမှသူတို့ ဘာလိုဒီလိုစွပ်စွဲမှုတွေ ထပ်လုပ်လာတာလဲ။ တခြားအဲဒီဒေသအတွင်းမှာ အဖွဲ့အစည်းတွေဖြစ်တဲ့ အထူသဖြင့် UWSA ဝအဖွဲ့လို အဖွဲ့အစည်းတွေလည်း ဒီလိုမျိုး ရာဇဝတ်ကြောင်းတွေနဲ့ စွပ်စွဲလာစရာတွေ မရှိနိုင်ဘူးလာ။

**ဗိုလ်မှူးခွန်ဥက္ကာ။** ။ သေချာပေါက်ပေါ့ဗျာ။ ရာဇဝတ်မှုနဲ့ စွပ်စွဲနိုင်တဲ့အကြောင်းတွေက အများကြီးပါ၊ အဲဒီမြောက်ပိုင်းအဖွဲ့တွေ မပြောခင်မှာ ကျနော်တို့ တောင်ပိုင်းမှာရှိတဲ့ပအိုဝ်းနီလိုခေါ်တဲ့ ရလလဖ ကို ကြည့်လိုက်။ အင်အားမရှိပါဘူး။ သူတို့ လေးငါးရာ၊ သို့သော်လည်းပဲ ရလလဖ ကို အခွင့်အရေးပေးပြီးတော့ တကယ်တမ်း ချုပ်ကိုင်တော့မယ် အခါကျတော့ ရလလဖ အထဲက အဲဒီမူးယစ်ဆေးဝါးအမှု၊ အမှုတခုခုပေါ့ ရာဇဝတ်မှု မကောင်းသောအမှုတွေကို ကိုင်တွယ်ပြီးတော့ ဖမ်းဆီးထောင်ချ။ ဖြုတ်ပစ်တဲ့ဟာ အများကြီးပေးလာတယ်။ ပေါ်တဲ့အခါကျတော့ အဲဒီခြိမ်းခြောက်မှုအပေါ်မှာ ရလလဖ မှာလေးစုလေးဖွဲ့ကွဲပြီးတော့ တခါတည်း ပုံပျက်ပန်းပျက် ဖြစ်သွားတယ်။ အခုဆိုရင် မရှိတော့ဘူး၊ အဲဒီပုံစံမျိုး အခု ကိုးကန့်ကိုသွားပြန်သုံးတယ်လို့ ကျနော်တို့တွေ့ရတယ်။

ကိုးကန့်မှာလည်း တကယ်တော့ ဒီဖုန်အမျိုးနွယ် အုပ်စုနဲ့ရန်မျိုးနွယ်စုတို့က ကြာပါပြီ။ ကိုးကန့်ရဲ့ သမိုင်းကြောင်းအရ၊ အဲဒါကို ညီညီညွတ်ညွတ် ဘက်တဘက်က ဖြစ်တယ် တဘက်က ညီညီညွတ်ညွတ်ညွတ်နဲ့ ပြန်နေကြတယ်။ ဒါကို ပြန်အစဖော်ပြီးတော့ နအဖက ရန်အုပ်စုကို မြှောက်ပေးပြီးတော့ တို့ကအာဏာသိမ်းတဲ့ ဘက်လိုက်မယ်ဆိုပြီးတော့ ခုတုံး လုပ်လိုက်တဲ့အပေါ်မှာ ကိုးကန့်ရဲ့ ပထမဦးဆုံးအုပ်စု အကွဲအပြဲကို ခုတုံးလုပ်တယ်။ ဒုတိယကတော့ မူလ အနှစ်(၂၀)လုံးလုံး ခွင့်ပြုပြီးတော့ မမြင်ယောင်ဆောင်နေတဲ့ လုပ်ငန်းတွေကို အခုမှ ရာဇဝတ်မှုမြောက်တယ်၊ ရဲအရေးယူပိုင်ခွင့်ရှိတယ်။ ဒါပြည်ထဲရေးဌာနရဲ့ လုပ်ငန်းဆိုပြီးတော့ ပြည်ထဲရေးဌာနရဲ့ ဒုတာဝန်ခံကိုယ်စားလှယ် တရုတ်ကို သွားပြီးတော့ အရေးဆိုတဲ့ နအဖရဲ့ တမျိုးတဖုံလှည့်လိုက်တဲ့ လှည့်ကွက်လို့ ပြောနိုင်တာပေ့ါ။

**ဦးသန်းလွင်ထွန်း။** ။ အထူးသဖြင့်မူယစ်ဆေးဝါနဲ့ပတ်သက်တဲ့ရာဇဝတ်တွေဟာ ပြင်ပကမ္ဘာ့နိုင်ငံတွေရဲ့ စွပ်စွဲမှုတွေအရ ဆိုရင် မြန်မာစစ်အစိုးရကလည်း တနည်းတဖုံနဲ့ မျက်နှာလွှဲထားတဲ့သဘောမျိုး၊ အားပေးအားမြှောက်လုပ်ထားတဲ့ သဘောမျိုးပုံစံမျိုးတွေပါ ရှိနေတာဆိုတော့ အခုလိုတဘက်ကို လက်ညိုးထိုးလာရင် တဘက်ကလည်း မြန်မာ စစ်အစိုးရ ခေါင်းဆောင်ပိုင်းအချို့ရဲ့ ပါဝင်ပတ်သက်လာမှုကိုရော သူတို့အနေနဲ့စိုးရိမ်မှုမရှိဘူးလား။

**ဗိုလ်မှူးခွန်ဥက္ကာ။** ။ အဲဒါလည်းပါကောင်းပါနိုင်တာပေ့ါ။ ဒါပေမဲ့ ဒီဗမာစစ်အစိုးရခေါ်ခေါ် နအဖခေါ်ခေါ် ဒီပုဂ္ဂိုလ်တွေက အပစ်ရပ်ခေါင်းဆောင်တွေ အဖွဲ့အစည်းတွေက လုပ်ပိုင်ခွင့်ရှိတဲ့လုတွေကို သူတို့က မက်လုံးပေးပြီးတော့ စီးပွားရေးတွေလုပ်၊ မူယစ်ဆေးဝါးပဲလုပ်လုပ်၊ မတရား မတော်မတရား ရာဇဝတ်မှု မကင်းတဲ့အလုပ်လုပ် ကြည့်ထားတယ်။ မှတ်တမ်းယူထားတယ်။ တနေ့တချိန်မှာ လက်နက်သဖွယ် အသုံးပြုပြီးတော့ ဒီလူတွေကို ပြန်ပြီးတော့ ရိုက်ချိုးဖို့၊ နှိပ်ကွပ်ဖို့အပြည်ပြည်ဆိုင်ရာရဲ့ အမြင်သဘောထားမှာ တရားနည်းလမ်းကျတဲ့ဆို တဲ့အမြင်ကို ကိုင်ဖို့သူတို့က ပြင်ထားတာပေ့ါ။ ဒါကြောင့် အခုလို နအဖက စနစ်တကျစုဆောင်းပြီးတော့ ပြင်ဆင်ထားတဲ့အတိုင်း ကိုင်တွယ်တဲ့ အခါကျတော့ ရာဇဝတ်မှုတွေဖြစ်လာတယ်။ ဒါကို ကျနော်တို့ တိုင်းရင်းသားခေါင်းဆောင်တွေက ပထမအခွင့်အရေးရတုန်း မျောပြီးတော့ ယူခဲ့လိုက်ခဲ့ပါခဲ့တဲ့ဟာကို သူတို့က ပြန်ကိုင်တဲ့သဘောမျိုးဖြစ်တယ်။ ဒါကတော့ နည်းပရိယာယ် ကောင်းကောင်းနဲ့ အမြစ် ဖြုတ်မယ့် စနစ်လို့ပြောလို့ရပါတယ်။

**ဦးသန်းလွင်ထွန်း။** ။ ဒါဆိုလို့ရှိရင် အခုမြောက်ပိုင်းက မဟာမိတ်အဖွဲ့ရဲ့ အခြေအနေအကြောင်းကို ပြန်မေးရမယ် ဆိုလို့ရင် ဒီမဟာမိတ်အဖွဲ့အနေနဲ့ “ဝ”နယ်ထဲမှာ ဖုန်ကြားရှင်တို့ကို လက်ခံထားတာကို ဟုတ်ပါတယ်။ ဒါပေမဲ့ လည်း အခုကိုးကန့်နယ်မြေမှာ ပိုင်ဆောက်ချိန် တို့ဦးဆောင်တဲ့ ဗဟိုကော်မတီအသစ်လည်း ပေါ်လာပြီးဆိုတော့ ဒီမဟာမိတ်အဖွဲ့အနေနဲ့ ကိုးကန့်နယ်ထဲမှာ အသစ်ပေါ်လာတဲ့အဖွဲ့ အစည်းကို အသိအမှတ်ပြုပြီး ပြန်ပြီးတော့ သူတို့ဆက်ဆံသွားဖို့ အလားအလာရှိလား။ ဒီမဟာမိတ်အဖွဲ့ရဲ့ နောက်ပိုင်းအလားအလာ ကဘယ်လိုရှိသလဲ။

**ဗိုလ်မှူးခွန်ဥက္ကာ။** ။ ကျနော်ထင်တယ် အခုအသစ်ပေါ်တဲ့က ရုပ်သေးဖြစ်တယ်။ ရုပ်သေးသဘောဆောင်တဲ့ အခါကျတော့ သူမှာဘာမှ မှန်ကန်တဲ့ လုပ်ပိုင်ခွင့်မရှိဘဲနဲ့ လောက်ကိုင်အခြေစိုက် ဒစက ပဲသူ့ကိုကိုင်ထားပြီးတော့ ပြောချင်တာခိုင်းချင်တာ ခိုင်းပြီး ကိုးကတ့်လူမျိုး ကိုလည်း ကိုယ်စားပြုမှာ မဟုတ်သလို၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း ကိုယ်စားပြုမှာ မဟုတ်ဘူး။ မဟုတ်တဲ့အခါကျတော့ ဒီတကယ့်တိုင်းရင်းသားအခါင့်အရေး၊ ပြည်နယ်အခွင့်အရေးတွေကို ကိုယ်ပိုင်အခွင့်အရေးတွေ သို့တည်းမဟုတ် ပြည်ထောင်စု တကယ်တည်ဆောက်ချင်တဲ့လူတွေ အတွက်ကတော့ အခု ကိုးကန့်မှာရှိတဲ့ရုပ်သေး နအဖတွေက ခန့်ထားတဲ့လူတွေကိုတော့ (ကျနော် ထင်တယ်) အယုံအကြည်ရှိမှာ မဟုတ်ဘူး။ အသိအမှတ်ပြုမယ်လို့တော့ ကျနော်မထင်ဘူး။ အခု နအဖဖွဲ့ပေးတဲ့ ကိုးကန့်အဖွဲ့က ဥပမာ ပေးရင်တော့ ကေအဲန်ယူ ကနေ ခွဲထွက်သွားခဲ့တဲ့ ဒီကေဘီအေ ပုံပဲ ဖြစ်လာမယ်။ ကိုးကန့် အချင်းချင်းကို တိုက်ဖို့ ခိုက်ဖို့ ့စေဖို့ ကျေဖို့လုပ်ထားတဲ့ နအနဖရဲ့ စီမံချက်ဖြစ်တယ်။ ● ● ●

( VOA သတင်းဌာန )

## အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သို့ တင်ပြသည့် အပစ်အခတ်ရပ်စဲရေးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အမျိုးသားညီလာခံနှင့် ပတ်သက်သည့်သဘောထားအမြင်

ဥက္ကဌ
အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ရက်စွဲ။ ။ ၁၁ ရက်၊ မေလ ၂၀၀၄ ခုနှစ်။

**အကြောင်းအရာ။ ။ အပစ်ခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အမျိုးသားညီလာခံနှင့် ပတ်သက်သော သဘောထားအမြင်ကိုတင်ပြခြင်း။**

အပစ်ခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေး ပြဿနာများကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ၊ နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းရန်အတွက်လည်းကောင်း၊ မြန်မာပြည်အား ဒီမိုကရေစီစနစ်သို့ ရောက်ရှိအောင် ပြုပြင်ပြောင်းလဲရေးနှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ရေရှည်အကျိုးပြုမည့် စည်းလုံးညီညွတ်ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသည့် ပြည်ထောင်စု စစ်စစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက်လည်းကောင်း အစဉ်တစိုက်ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အပစ်ခတ်ရပ်စဲကာ ငြိမ်းချမ်းရေး ယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အခါအခွင့်သင့်လျှင်သင့်သလို မိမိတို့၏ ရပ်တည်ချက်သဘောထားများကို ထုတ်ပြန်ကြေငြာ၍ လက်ရှိနိုင်ငံတော် အစိုးရနှင့် ပြည်သူလူထုထံသို့ အသိပေး ဖော်ထုတ်ခဲ့ပါသည်။ ပထမဦးဆုံးသော သဘောထား ကြေငြာချက်မှာ **“မျက်မှောက်ကာလ အခြေအနေနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးရယူထားသော လက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထား”**ဟူသော ခေါင်းစဉ်ဖြင့်

(၁) ရှမ်းပြည်ငြိမ်းချမ်းရေး ကောင်စီ SSPC
- (က) ရှမ်းပြည်နယ်တပ်မတော် SSA
- ( ခ) ရှမ်းပြည်အမျိုးသားတပ်မတော် SSNA

(၂) မွန်ပြည်သစ်ပါတီ NMSP
(၃) ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး KNPLF
(၄) ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ SNPLO
(၅) ကယန်းပြည်သစ်ပါတီ KNLP
(၆) ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ PSLO တို့က ၂၀၀၁ခုနှစ် မတ်လ ၁ရက်နေ့တွင် ပူးတွဲ ထုတ်ပြန်ခဲ့ကြသည်။ ဒုတိယ ထုတ်ပြန်ကြေငြာချက်မှာ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ထုတ်ပြန်သော **“၅၅ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ပူတွဲပေးပို့သော သဝဏ်လွှာ”** ဖြစ်ပါသည်၊ ၎င်းသဝဏ်လွှာကို

(၁) ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO
(၂) ရှမ်းပြည် ငြိမ်းချမ်းရေးကောင်စီ SSPC
(၃) မွန်ပြည်သစ်ပါတီ NMSP
(၄) ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး တပ်ဦး KNPLF
(၅) ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ SNPLO
(၆) ကယန်းပြည်သစ်ပါတီ KNLP
(၇) ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ PSLO တို့က ပူးတွဲပေးပို့ခဲ့ခြင်း ဖြစ်သည်။ တတိယ ထုတ်ပြန် ကြေငြာချက်မှာ ၂၀၀၃ ခုနှစ် မေ ၃၀ ရက်နေ့ ဒီပဲယင်းအရေးအခင်းနှင့် ပတ်သက်သည့် **“ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအပေါ် အပစ်ခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသည့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ သဘောထား ထုတ်ပြန်ချက်”** ဖြစ်ပြီး ၂၀၀၃ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင်

(၁) ကချင်လွတ်လပ်ရေးအဖွဲ့ KIO
(၂) ကယန်းပြည်သစ်ပါတီ KNLP

(၃) ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး တပ်ဦး KNPLF
(၄) ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ PSLO
(၅) မွန်ပြည်သစ်ပါတီ NMSP
(၆) ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ SSPC
(၇) ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ SNPLO တို့က ပူးတွဲထုတ်ပြန်ခဲ့ကြသည်၊ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၆ နေ့ရက်တွင်လည်း

(၁) ကချင်လွတ်လပ်ရေးအဖွဲ့ KIO
(၂) ကယန်းပြည်သစ်ပါတီ KNLP
(၃) ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး KNPLF
(၄) ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ PSLO
(၅) မွန်ပြည်သစ်ပါတီ NMSP
(၆) ရှမ်းပြည် ငြိမ်းချမ်းရေးကောင်စီ SSPC တို့ တွေ့ဆုံဆွေးနွေးပြီး **အမျိုးသားညီလာခံ နှင့် ပတ်သက်၍ ရပ်တည်ချက်သဘောထားများ** ချမှတ်ခဲ့ပါသည်။ ထို့အပြင် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ (၁၅) ရက်တွင် **“သုံးပွင့်ဆိုင် အစည်းအဝေး သတင်းထုတ်ပြန်ချက်”** ထွက်ရှိခဲ့ပါသည်၊ ၎င်းထုတ်ပြန်ချက်ကို

(၁) ဦးပေါက်ယူချမ်း ခေါင်းဆောင်သော အထူးဒေသ–၂၊ ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် UWSA
(၂) ဦးလွယ်မောဝ် ခေါင်းဆောင်သော အထူးဒေသ–၃ ရှမ်းပြည်တပ်မတော် SSA
(၃) ဦးဆန်လူ ခေါင်းဆောင်သော မိုင်းလား အထူးဒေသ–၄ တို့ ပူးပေါင်းထုတ်ပြန်ထားပါသည်၊ ၎င်း ထုတ်ပြန်ကြေငြာချက်တွင် ပြည်တွင်းအခြေအနေနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ဖော်ပြထားပါသည်။

“စည်းလုံးရေး၊ တည်ငြိမ်ရေး၊ လူမျိုးစုံ ရင်းနှီးချစ်ခင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတို့မှာ ကျွန်တော်တို့ လူမျိုးပေါင်းစုံ ပြည်သူလူထု တစ်ရပ်လုံး၏ အလိုဆန္ဒဖြစ်သည်၊ ဤအလိုဆန္ဒနှင့် သွေဖီသော အပြုအမူ အပြောအဆိုတို့ကို မှားယွင်းကြောင်း၊ အမျိုးသားညီလာခံသည် ပြည်တွင်းပြဿနာကို ဖြေရှင်းရန်အတွက် အဓိကကျသည်ဟု ခံယူသဖြင့် ဒီမိုကရေစီရရှိမှု၊ တန်းတူညီမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများရှိသည့် မူအောက်တွင် ဖိတ်ကြားခြင်းခံရပါက ကိုယ်စားလှယ်တက်ရောက်ပါဝင်ရန် သဘောတူကြောင်း”တို့ဖြစ်သည်။

အထက်ဖော်ပြပါ ထုတ်ပြန်ချက်များကို လေ့လာသုံးသပ်လျှင် အပစ်ခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထားရပ်တည်ချက်ကို သိရှိနိုင်ပါမည်၊ ထို့ကြောင့် အပစ်ခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် နှင့် တွေ့ဆုံခဲ့စဉ်က ဝန်ကြီးချုပ် ချမှတ်ခဲ့သော နိုင်ငံရေးလမ်းပြမြေပုံ Road Map သည် ပြည်ထောင်စုမြန်မာနိုင်ငံဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အကူပြုမည်ဟု မျှော်လင့်ခဲ့ကြသည့်အတွက် အဖွဲ့အစည်းအသီးသီးက ၎င်းလမ်းပြမြေပုံကို ကြိုဆိုခဲ့ပါသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီး အပစ်ခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးယူကြစဉ်က **“နိုင်ငံရေးကိစ္စ ရပ်တွေကို အမျိုးသားညီလာခံမှာ ပြောပြပါ** ”ဟု ထိုစဉ်က အတွင်းရေးမှူး(၁) ဖြစ်သူ ဝန်ကြီးချုပ်၏ မိန့်မှာချက်ကို လက်ခံထားခဲ့ကြသည်ဖြစ်၍ ယခုအမျိုးသားညီလာခံတွင် လွတ်လပ်မျှတသည့် နိုင်ငံရေးသဘောထားများကို တင်ပြလိုကြခြင်း ဖြစ်ပါသည်။ သို့သော် ၂၀၀၄ ခုနှစ်၊ မေ (၁၉)ရက်၊ တနင်္လာနေ့တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမျိုးသားညီလာခံကျင်းပရာတွင် ယခင်ချမှတ်ထားသော နိုင်ငံရေးဦးတည်ချက် (၆)ရပ်နှင့် အခြေခံမူ(၁၀၄)ချက်ကို အခြေခံ၍ကျင်းပသွားမည်ဟု ပြောကြားခဲ့ပါသည်။ ယခင်က ချမှတ်ထားသော နိုင်ငံရေးဦးတည်ချက်(၆)ရပ်နှင့် အခြေခံမူ(၁၀၄)ချက်သည် မိမိတို့ ရည်မှန်းထားသော စည်းလုံးညီညွတ်ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုစစ်စစ်မှုတို့နှင့် ကွဲလွဲနေပါသည်။ ထို့ကြောင့် ယခင်ကျင်းပမည့် အမျိုးသားညီလာခံနှင့် ပတ်သက်၍ အပစ်ခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသည့် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အမြင်သဘောထားများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(၁) အမျိုးသားညီလာခံ၏ နိုင်ငံရေးဦးတည်ချက်များမှ နံပါတ်(၆)သည် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီ၊ လူထုဆန္ဒသဘောထားနှင့်လည်း မကိုက်ညီသည့်အတွက် ဆွေးနွေးညှိနှိုင်း၍ ပြင်ဆင်ခွင့် ရှိရန်။
(၂) ယခင်ချမှတ်ထားသော အခြေခံမူ (၁၀၄) ချက်အနက် ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီသော အချက်အလက်များကို ပြန်လည်ဆွေးနွေး ပြင်ဆင်ခွင့်ရှိရန်။

We Shall Achieve Victory Through Alliance!

(၃) အမျိုးသားညီလာခံ ကျင်းပနေစဉ်အတွင်း ပြည်ထောင်စုကြီး ကောင်းကျိုးအတွက် အကြံဉာဏ်ကောင်း ပေးနိုင်မည့် မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့်မဆို လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးနိုင်ခွင့် ရှိရန်။
(၄) အမျိုးသားညီလာခံကျင်းပနေစဉ်တွင် ဆက်သွယ်တွေ့ဆုံ အကြံဉာဏ် ရယူဆွေးနွေးနိုင်ခွင့် ရှိရန်။
(၅) ၁၉၉၀ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံးက တခဲနက်ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များ အမျိုးသားညီလာခံသို့ တက်ရောက်ခွင့် ရှိရန်။
(၆) အပစ်အခတ်ရပ်စဲပြီး တိုင်းရင်းသား ပြည်သူများကို အမှန်တကယ် ကိုယ်စားပြုသော အဖွဲ့အစည်းများ အပစ်အခတ် မရပ်စဲသေးသည့် အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေး အမြန်ရယူပြီး အမျိုးသားညီလာခံသို့ တက်ရောက်ခွင့် ရှိရန်။
(၇) ၁၉၉၆ ခုနှစ် ဇွန် တွင် ထုတ်ပြန်ထားသော ဥပဒေအမှတ် (၅/၉၆) သည် ယခင် (၁၉၉၃-၉၆) အမျိုးသားညီလာခံအား အကာအကွယ်ပေးထားသည့် ဥပဒေ ဖြစ်နေခြင်းကြောင့် ၎င်းဥပဒေကို ရုပ်သိမ်းပေးရန်။

**သဘောထားတင်ပြသည့် အဖွဲ့အစည်းများ**

**အဖွဲ့ခေါင်းဆောင်**
**အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့**
**ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO**

**အဖွဲ့ခေါင်းဆောင်**
**အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ PSLO**

**အဖွဲ့ခေါင်းဆောင်**
**အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့**
**မွန်ပြည်သစ်ပါတီ NMSP**

**အဖွဲ့ခေါင်းဆောင်**
**အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့**
**ရှမ်းပြည်တပ်မတော် SSA**

**အဖွဲ့ခေါင်းဆောင်**
**အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့**
**ရှမ်းပြည်အမျိုးသား တပ်မတော် SSNA**

**အဖွဲ့ခေါင်းဆောင်**
**အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့**
**ကယန်းပြည်သစ်ပါတီ KNLP**

မိတ္တူ- ၁၊ နိုင်ငံတော် ဝန်ကြီးချုပ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊
၂၊ တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊
၃၊ ငြိမ်းချမ်းရေး ရယူထားသည့် မဟာမိတ်အဖွဲ့အစည်းများ၊

**(၂၀၀၄ မေ လ နအဖ ၏ အမျိုးသားညီလာခံသို့ မတက်မီ ထုတ်ပြန်ချက်ကို ပြန်လည် ထပ်ဆင့် ဖြန့်ချိသည်။)**


NDF Bulletin

Online Bulletin : Record
Computer Typing : NDF office staffs
Layout Design : Office Incharge
Bulletin No. 3 : **October 2009**


We Shall Achieve Victory Through Alliance!

# အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (ဒမတ)

## အဖွဲ့ဝင် အဖွဲ့ အစည်းများ

၁။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)
၂။ ချင်းအမျိုးသားတပ်ဦး (CNF)
၃။ ကရင်အမျိုးသားအစည်းအရုံး (KNU)
၄။ လားဟူဒီမိုကရက်တစ်သမဂ္ဂ (LDU)
၅။ မွန်ပြည်သစ်ပါတီ (NMSP)
၆။ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO)
၇။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)
၈။ "ဝ" အမျိုးသားအဖွဲ့ချုပ် (WNO)

## ဒ မ တ ရည်ရွယ်ချက်

၁) တိုင်းရင်းသားလူမျိုးများအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊

၂) ဒီမိုကရေစီကို အခြေခံသည့်ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊

We Shall Achieve Victory Through Alliance!

### ဆက်သွယ်ရန်၊


P.O Box (101), Mae Sot P.O
Tak Province, 63110
Thailand
Tel/Fax : +66 555 367 57
Email : ndfburma@yahoo.com
ndfburma@hotmail.com
Blogspot : www.ndf-burma.blogspot.com
General Secretary : 086 206 4045
Email : tealand@gmail.com